မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်၊ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၄၃)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ရခိုင်ကမ်းလွန်တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေး
ရွှေစီမံကိန်း၏ ပထမအဆင့် ဖွံ့ဖြိုးရေးတွင်း စတင်တူးဖော်ခြင်းအခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားရေးစာချုပ်အရ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A-1 နှင့် A-3 တို့တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများဆောင်ရွက်နေသည့် ဒေဝူးအင်တာနေရှင်နယ်ကော်ပိုရေးရှင်းသည် ၂၀၁၃ ခုနှစ်တွင် ရွှေစီမံကိန်းမှ သဘာဝဓာတ်ငွေ့များ စတင်ထုတ်လုပ်သွားမည်ဖြစ်ရာ ယခုအခါ စီမံကိန်း၏ Field Development လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

တက်ရောက်

ရွှေစီမံကိန်း၏ ပထမအဆင့် ဖွံ့ဖြိုးရေးတွင်းဖြစ်သည့် မြ(မြောက်)ဖွံ့ဖြိုးရေးတွင်းအမှတ်(ဘီ) စတင်တူးဖော်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရခိုင်ကမ်းလွန်လုပ်ကွက် အမှတ် A-3 ရှိ တွင်းတူးစက် Hakuryu -5 ၌ကျင်းပရာ အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ၊ ဒုတိယဝန်ကြီး ဦးသန်းဌေး၊ စွမ်းအင်စီမံရေးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ Daewoo E & P Myanmar မှ Senior Vice President Mr. Si-Bo Joo နှင့် ကုမ္ပဏီမှ တာဝန်ရှိသူများ၊ နိုင်ငံခြားသားပညာရှင်များ တက်ရောက်ကြသည်။

ကြိုးပမ်းဆောင်ရွက်

ရှေးဦးစွာ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တွင်းတူးစက် Hakuryu-5 ပေါ်သို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ Daewoo E & P Myanmar မှ Senior Vice President Mr. Si-Bo Joo က မြ(မြောက်)ဖွံ့ဖြိုးရေးတွင်းများ တူးဖော်မည့် အစီအစဉ်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ဤရွှေစီမံကိန်းကို ချုပ်ဆိုထားသော Gas Sales Agreement စာချုပ်ပါ အချိန်သတ်မှတ်ချက်အတိုင်း အချိန်မီပြီးစီးရေးအတွက် ဖွံ့ဖြိုးရေးတွင်းတူးဖော်ခြင်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားရန်၊ တွင်းများတူးဖော်ရာတွင် ချွတ်ယွင်းမှုများ မဖြစ်ပေါ်စေရေးအတွက် Techanically ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ရာနှုန်းပြည့်သေချာအောင် ဆောင်ရွက်ရန်၊ ယခုပွင့်လင်းရာသီတွင် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် *စာမျက်နှာ ၃ ကော်လံ ၅* ◆

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ တွင်းတူးစက် **Hakuryu -5** ဖြင့် ရွှေစီမံကိန်း၏ ပထမအဆင့် ဖွံ့ဖြိုးရေးတွင်းဖြစ်သည့် မြ(မြောက်)ဖွံ့ဖြိုးရေးတွင်းအမှတ်(ဘီ) စတင်တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

ပြည်ညောင်တံတား

မိတ္ထီလာ–တောင်ကြီး–ကျိုင်းတုံ–တာချီလိတ်လမ်းပေါ်ရှိ (၂၅၇)စင်းမြောက် ပြည်ညောင်တံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

မိတ္ထီလာ - တောင်ကြီး - ကျိုင်းတုံ - တာချီလိတ်လမ်းပေါ်ရှိ (၂၅၇)စင်းမြောက် ပြည်ညောင်တံတားဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၃)မှ တာဝန်ယူတည်ဆောက်ပြီးစီးခဲ့သည့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ပြည်ညောင်ကျေးရွာ မိတ္ထီလာ–တောင်ကြီး–ကျိုင်းတုံ–တာချီလိတ်လမ်းပေါ်ရှိ (၂၅၇)စင်းမြောက် ပြည်ညောင်တံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ မိတ္ထီလာတပ်နယ်မှူး ဗိုလ်မှူးချုပ်သန်းလွင်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ၊ မင်္ဂလာစည်တော်အကအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ *စာမျက်နှာ ၃ ကော်လံ ၁* ✻

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်)

မြန်မာ့ရိုးရာရွှေချည်ထိုးအနုပညာ ဆက်လက်ထိန်းသိမ်း

မြန်မာ့ယဉ်ကျေးမှုအနုပညာများအနက် မြန်မာ့ရိုးရာရွှေချည်ထိုးအနုပညာသည် ပုဂံခေတ်ကတည်းက ထွန်းကားခဲ့ပြီး လက်ဆင့်ကမ်းထိန်းသိမ်းလာခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။ ရွှေချည်ထိုးလုပ်ငန်းသည် မန္တလေးမြို့၊ အမရပူရမြို့နှင့် စစ်ကိုင်းမြို့တို့တွင် အထွန်းကားဆုံးဖြစ်သည်။

ရွှေချည်ထိုး၊ ငွေချည်ထိုးအနုပညာပစ္စည်းများကို အိမ်တွင်းအလှဆင်ပစ္စည်းအဖြစ်လည်းကောင်း၊ မင်္ဂလာအခမ်းအနားများတွင်လည်းကောင်း၊ ရှင်ပြု၊ နားသအခမ်းအနားများနှင့် ဇာတ်ပွဲများ၌ မင်းသား မင်းသမီးများအသုံးပြုသည့် အဝတ်အထည်များတွင်လည်းကောင်း ခေတ်အလိုက် ပုံစံအမျိုးမျိုးထိုးပြီး အသုံးပြုကြသည်။

ရှေးခေတ်က ရွှေချည်ထိုးလုပ်ငန်းတွင် တွင်းထွက်ကျောက်ကိုအသုံးပြုသော်လည်း ယခုမျက်မှောက်ကာလ၌ ကနုကမာ၊ မှန်ကျောက်မျိုးစုံနှင့်ဖန်တို့ကို ပုံဖော်ပြီး အသုံးပြုလာခဲ့ကြသည်။ အချို့ သစ်သားပုတီးစေ့၊ ပလတ်စတစ်စေ့တို့ကို သုံးစွဲကြသည်။

ရွှေချည်ထိုး၊ ငွေချည်ထိုး ဖောင်းကြွအရုပ်လုပ်ရာတွင် ဂွမ်းမှာအဓိက ကျပေသည်။ အလားတူ ရွှေချည်ထိုး၊ ငွေချည်ထိုး၊ ဘော်ကြယ်၊ ပိတ်စ၊ ကတ္တီပါစ၊ အပ်ချည်၊ ဆီစိမ်စက္ကူ၊ မှိုင်းခံစက္ကူနှင့်ကော်မှုန့်တို့ကို အသုံးပြုရသည်။ အဓိကကုန်ကြမ်းမှာ ပြည်တွင်းဖြစ်ကုန်ကြမ်းများဖြစ်ကြသည်။

ကုန်ချောဖြန့်ဖြူးမှုအရ ရုပ်ပြားထိုးစနစ်ဖြင့် ထုတ်လုပ်သည့်ပစ္စည်းမှာ ဈေးကွက်တွင် အတွင်ကျယ်ဆုံး၊ အရောင်းသွက်ဆုံးပစ္စည်းဖြစ်သည်။ မြန်မာ့ရွှေချည်ထိုး၊ ငွေချည်ထိုးလုပ်ငန်းမှ ထုတ်လုပ်သည့်အနုပညာလက်ရာပစ္စည်းများအနက် တန်ဖိုးကြီးမားသည့်ပစ္စည်းများကို ရန်ကုန်၊ မန္တလေး၊ ပုဂံစသည့် မြို့ကြီးများတွင်ရောင်းချပြီး ပြည်ပသို့လည်း တင်ပို့ရောင်းချလျက်ရှိသည်။

ပန်းဆယ်မျိုးဝင်လုပ်ငန်းများသည် မြန်မာ့အနုပညာလုပ်ငန်းစစ်စစ်များဖြစ်ပြီး အနုပညာလက်ရာ ပြောင်မြောက်စွာနှင့် ရှေးမင်းအဆက်ဆက်မှ အသုံးပြုလာခဲ့ရာ ရွှေချည်ထိုးလုပ်ငန်းသည်လည်း အပါအဝင်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာ့ရိုးရာရွှေချည်ထိုး ယဉ်ကျေးမှုအနုပညာလုပ်ငန်းများ မတိမ်ကော မပျောက်ပျက်အောင် ယနေ့လူငယ်များက လက်ဆင့်ကမ်းအမွေဆက်ခံပြီး ဆက်လက်ထိန်းသိမ်းသွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စာကြည့်တိုက်အဆောက်အအုံသစ် သထုံမြို့နယ်၌ဖွင့်

သထုံ ဖေဖော်ဝါရီ ၁၉

မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ် တံတားဦးကျေးရွာအုပ်စု ဒင်္ဂါးဆိပ်ကျေးရွာတွင် ရွှေဒင်္ဂါး စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ စာကြည့်တိုက် အဆောက်အအုံသစ်ကို သထုံမြို့နယ်ဥက္ကဋ္ဌ ဦးအေးနိုင်၊ သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းကြည်စိန်နှင့် ကျေးရွာရပ်မိရပ်ဖ ဦးလေးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် စာကြည့်တိုက် ဆောက်လုပ်ရေးကော်မတီအဖွဲ့ဝင် ဦးလေးဝင်းက စာကြည့်တိုက်ဖြစ်ပေါ်လာရပုံကို ရှင်းလင်းတင်ပြပြီး စာကြည့်တိုက် ဆောက်လုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်သူဇာအောင်က စာကြည့်တိုက်ဆိုင်ရာ အချက်အလက်များကို စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးမောင်ပိန်သို့ လွှဲပြောင်းပေးအပ်သည်။ ယင်းနောက် မြို့နယ်ဥက္ကဋ္ဌနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက စာကြည့်တိုက်အတွက် ငွေပဒေသာပင်နှင့် စာအုပ်စာစောင်များကိုပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

စာအုပ်စာစောင်၊ မီဒီယာပစ္စည်းနှင့် အလှူငွေများ သန်လျင်မြို့နယ်ရှိ စာကြည့်တိုက်များသို့ ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကျေးလက်စာကြည့်တိုက်များအတွက် အလှူငွေ၊စာအုပ်စာစောင်နှင့် မီဒီယာပစ္စည်းများပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၉ ရက် ညနေ ၃ နာရီက မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ သန်လျင်မြို့နယ်ဥက္ကဋ္ဌ ဦးမိုးခိုင်ထွန်းက အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှပိုမိုက ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ သန်လျင်မြို့နယ်အတွင်းရှိ အလှူရှင်များ လှူဒါန်းငွေကျပ် ၁၁ သိန်းကို မြို့နယ်ဥက္ကဋ္ဌ ဦးမိုးခိုင်ထွန်းက မြို့နယ်ဦးစီးမှူး ဒေါ်လှပိုမိုထံ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

လက်ခံယူ

ယင်းနောက် အလှူရှင်များဖြစ်ကြသော ဦးမိုးခိုင်ထွန်း-ဒေါ်မိုးသီတာထွန်း မိသားစုက ပလတ်စတစ်ထိုင်ခုံ ၁၀ လုံးနှင့် ရေဒီယို ၁၀ လုံး၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့ကဂျာနယ်၊စာအုပ်စာစောင်များ၊ ဦးစန်းလွင်-ဒေါ်ခင်သီတာ မိသားစုက တိုင်ကပ်နာရီ ငါးလုံး၊ ဦးဌေးအောင်-ဒေါ်စကားဝါ မိသားစုမှ ရေဒီယို ငါးလုံး တို့ကို ပေးအပ်လှူဒါန်းကြရာ မြို့နယ်ဥက္ကဋ္ဌ ဦးမိုးခိုင်ထွန်း၊ အတွင်းရေးမှူး ဦးလှအောင်နှင့် တာဝန်ရှိသူများကလက်ခံယူခဲ့ကြကြောင်း သိရှိရသည်။(၁၈၄)

ညောင်ဦးမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတွင် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၀ရက်က ကျင်းပရာ အခြေခံပညာ မူလတန်းအဆင့် (စတုတ္ထတန်း)ခရိုင်အဆင့် ဘက်စုံ ပထမဆု၊ ဘာသာစုံ ပထမဆု၊ တစ်ဘာသာချင်းအလိုက် ဆု ငါးဆုရ ကျောင်းသူ မဖြူသန့်ချို၊ မောင်ထက်အောင်ရှိုင်း၊ မမြတ်သီရိနိုင်တို့က ကျောင်းအုပ်ဆရာကြီး ဦးဝင်းလှိုင်ထံသို့ ခရိုင်အဆင့် တံခွန်စိုက်ဆုဖလားကို အပ်နှံစဉ်။ (မြို့နယ် ပြန်/ဆက်)

ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်

နောင်တရား ဖေဖော်ဝါရီ ၁၉

နောင်တရားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ရတနာရန်နိုင်ဘုရားလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၂ ရက်က မြို့နယ်တာဝန်ခံ ဦးခွန်မောင်ဟိန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က လုပ်ငန်းကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရှိရသည်။ *(မြို့နယ်စည်ပင်)*

အလက (၃)စမ်းချောင်း မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

အလက (၃) စမ်းချောင်း (ယခင် ကျွန်းတောလမ်း)မှ ၁၉၈၀-၁၉၉၉ခုနှစ်ပညာသင်နှစ် ကျောင်းသားကျောင်းသူဟောင်းများ၏ ပဌမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၃ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ (မည်သည့်စာသင်နှစ်မဆို) ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများကို ဆရာမ ဒေါ်ခင်သန်းအေး ဖုန်း-၀၁-၅၃၀၄၅၆၊ ဆရာမ ဒေါ်လှလှမြင့် ဖုန်း-၀၁-၅၀၄၈၀၁၊ ဆရာမ ဒေါ်တင်တင်ဝင်း ဖုန်း-၀၁-၇၃၀-၀၃၅၂၃၊ ကိုတင်ထက်ကို ဖုန်း-၀၁-၇၃၀-၇၀၅၆၉၊ ကိုအောင်ထွန်းဦး ဖုန်း-၀၉-၅၀၆၇၄၃၈၊ ကိုအေးထွဋ်၊ ကိုစိုးမင်းအေး ဖုန်း-၀၉-၅၀၀၅၂၀၄ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ *(မြန်မာ့အလင်း)*

ကတ္တရာခင်းဆောင်ရွက်

စစ်တွေမြို့နယ် ဝင်္ကဘာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည် ဖေဖော်ဝါရီ ၁၄ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်နုနှင့် တာဝန်ခံအင်ဂျင်နီယာမှူးတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်နှင့် တာဝန်ရှိသူများ ပြည်ညောင်တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။
(သတင်းစဉ်)

* *ရှေ့ဖုံးမှ*

ကျောင်းသား ကျောင်းသူများ၊ ရပ်မိရပ်ဖများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူအင်အား ၅၀၀၀ ကျော် တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က တံတားတည်ဆောက်ပေးရခြင်းနှင့် တံတားဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မိတ္ထီလာတပ်နယ်မှူး ဗိုလ်မှူးချုပ်သန်းလွင်က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ရင်းရင်းနှီးနှီး

ထို့နောက် ဝန်ကြီးနှင့် တပ်နယ်မှူးတို့သည် တံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် တပ်နယ်မှူး ဗိုလ်မှူးချုပ်သန်းလွင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းနှင့် ခရိုင်ဥက္ကဋ္ဌ ဦးစိန်အုပ်တို့က ပြည်ညောင်တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖြတ်သန်းကြည့်ရှု

ဆက်လက်၍ ဝန်ကြီး ဦးခင်မောင်မြင့်က ပြည်ညောင်တံတားကမ္ပည်း မော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဝန်ကြီး၊ တပ်နယ်မှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တံတားအမျိုးအစား

ပြည်ညောင်တံတားအမျိုးအစားမှာ အပေါ်ထည် သံကူကွန်ကရစ် ရက်မ၊ ကြမ်းခင်းအောက်ထည် သံကူကွန်ကရစ်အုတ်မြစ်တို့ဖြင့် တည်ဆောက်ထားပြီး စုစုပေါင်းတံတား အရှည်ပေ ၂၀၀၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ ယာဉ်နှစ်လမ်းသွား လူသွားလမ်း တစ်ဖက်လျှင် ၃ ပေ ၄ လက်မ စီရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်

ယခုဖွင့်လှစ်သည့် ပြည်ညောင်တံတားသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူတည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀နှင့်အထက် တံတား(၂၅၇) စင်းမြောက်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအနေဖြင့် (၁၅)စင်းမြောက် တည်ဆောက် ဖွင့်လှစ်ပေးခဲ့သည့် တံတားဖြစ်ကာ ပြည်ညောင်တံတား ဖွင့်လှစ်ပေးသည့်အတွက် ဒေသခံပြည်သူများအနေဖြင့် စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ ပညာရေးနှင့် ကျန်းမာရေးတို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မင်္ဂလာတောင်ညွန့်မြို့နယ် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မြို့နယ်အဆင့် ဘက်စုံထူးချွန်ဆုရရှိသူများနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ပြိုင်ပွဲများအတွက် ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက်က အထက(၃) မင်္ဂလာတောင်ညွန့် ခန်းမ၌ ကျင်းပရာ စာပေဘာသာရပ်ထူးချွန်ပြိုင်ပွဲတွင် မြန်မာစာနှင့် သိပ္ပံဘာသာရပ် ထူးချွန်ဆုရ အထက(၅) မင်္ဂလာတောင်ညွန့်မှ သတ္တမတန်း ကျောင်းသား မောင်သန့်ဇင်မိုးအား မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဦးမျိုးမြင့်ကြိုင် ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

◆ *ရှေ့ဖုံးမှ*

မုန်တိုင်းအန္တရာယ် ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် မှာကြားသည်။ ထို့နောက် တွင်းတူးစက်ပေါ်၌ တာဝန်ထမ်းဆောင်နေသော နိုင်ငံခြားသားပညာရှင်များနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဝန်ထမ်းများအား ဝန်ကြီးက သစ်သီးခြင်းလက်ဆောင်ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးက မြ (မြောက်) ဖွံ့ဖြိုးရေးတွင်းအမှတ် (ဘီ) ကို စက်ခလုတ်နှိပ်၍ စတင်တူးဖော်ပေးသည်။ ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် Hakuryu-5 တွင်းတူးစက်ပေါ်၌ တွင်းတူးဖော်ဆောင်ရွက်နေမှု လုပ်ငန်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ရခိုင်ကမ်းလွန် လုပ်ကွက်အမှတ် A-1 နှင့် A-3 ရှိ ရွှေ၊ ရွှေဖြူနှင့် မြ ဘူမိအနေအထားတို့တွင် သဘာဝဓာတ်ငွေ့ ခိုအောင်းမှုပမာဏ စုစုပေါင်း ၅ ဒသမ ၃၅၃ ထရီလီယံ ကုဗပေရှိပြီး ၂၀၁၃ ခုနှစ် နှစ်ဝက်ခန့်တွင် ရွှေစီမံကိန်းတစ်ခုလုံး ရာနှုန်းပြည့်ပြီးမြောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရိုးရာစစ်တုရင်
အလွတ်တန်း(တစ်ဦးချင်း)ပြိုင်ပွဲဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်နှင့် Futuer Engineering Group တို့မှ ပူးပေါင်းကျင်းပသည့် ၂၀၁၁ ခုနှစ် မြန်မာ့ရိုးရာ စစ်တုရင်အလွတ်တန်း (တစ်ဦးချင်း) ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး (မိုးလုံလေလုံ)အားကစားခန်းမ၌ ကျင်းပရာ အစီအစဉ်အရ မြန်မာ့ရိုးရာစစ်တုရင်အလွတ်တန်း (တစ်ဦးချင်း)ပြိုင်ပွဲအတွက် အလှူငွေကျပ် ၁၀ သိန်းကို Futuer Engineering Group ကိုယ်စား ဒါရိုက်တာ ဦးသန်းတင်က ပေးအပ်လှူဒါန်းပြီး မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က လက်ခံယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ထို့နောက် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ဖွင့်လှစ်ပေး

ဆက်လက်ပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က မြန်မာ့ရိုးရာ စစ်တုရင်ပြိုင်ပွဲ၏ ပထမဦးဆုံး ရွှေ့ကွက်ကို ရွှေ့၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ပြိုင်ပွဲတွင် ပထမဆု ငွေကျပ်တစ်သိန်းငါးသောင်းနှင့် TROPY ရုပ်တု၊ ဒုတိယဆုငွေကျပ် တစ်သိန်းနှင့် TROPY ရုပ်တု၊ တတိယဆု ငွေကျပ် ခုနစ်သောင်းနှင့် TROPY ရုပ်တု၊ စတုတ္ထဆု ငွေကျပ် ငါးသောင်း၊ ပဉ္စမဆု ငွေကျပ် လေးသောင်း၊ ဆဋ္ဌမဆု ငွေကျပ် သုံးသောင်း၊ သတ္တမဆု ငွေကျပ် နှစ်သောင်း၊ အဋ္ဌမဆု ငွေကျပ် နှစ်သောင်း၊ နဝမဆု ငွေကျပ် တစ်သောင်းနှင့် ဒသမ ငွေကျပ် တစ်သောင်း ချီးမြှင့်မည်ဖြစ်သည်။ မြန်မာ့ရိုးရာ စစ်တုရင်အလွတ်တန်း (တစ်ဦးချင်းပြိုင်ပွဲ)ကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၇ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင် အားကစားသမား ၃၈ ဦး ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်)**

SAILUN ကားတာယာများ ပါဝင်ပြသ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

Conquest Organizing Group က ကြီးမှူးပြီး ရွှေသံလွင်ကုမ္ပဏီ (Sky Net) ၏ အဓိကပံ့ပိုးကူညီမှုဖြင့် Automobile & Living Products Show ကို ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၁ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ပြသလျက်ရှိရာ စမ်းငွေရောင် ကုမ္ပဏီလီမိတက်မှ SAILUN အမှတ်တံဆိပ် မော်တော်ကားတာယာများ ပါဝင်ပြသလျက်ရှိသည်။

ပြသထား

အဆိုပါ ပြခန်းတွင် SAILUN အမှတ်တံဆိပ် S. 911, S. 917, S.711, S.815 အမျိုးအစားတာယာများနှင့် နောက်ဆုံးရောက်ရှိလာသည့် S.737 တာယာတို့ကို ပြသထားသည်။ S.911နှင့် S.917 တာယာများသည် ခရီးကြမ်းလမ်းများ၊ တောင်တက်လမ်းများ၊ သစ်ထုတ်လုပ်ရေးလုပ်ငန်းများနှင့် ဆည်မြောင်းတည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် ယာဉ်များအတွက် အကောင်းဆုံးတာယာများဖြစ်သည်။

S.711 နှင့် S.815 တာယာများသည် မြေပြန့်လမ်းချောအတွက် အသုံးပြုနိုင်ပြီး S.737 တာယာသည် ကုန်တင်ကားကြီးများအတွက် နောက်ဆုံး တင်သွင်းလာသည့် တာယာဖြစ်သည်။ **(အောက်ပုံ)**

အရည်အသွေးကောင်းမွန်

SAILUN အမှတ်တံဆိပ် 10.00 R20 နှင့် 11.00 R20 စတီးလ်တာယာများသည် အထပ်ရေ ၁၈ ထပ်ရှိပြီး ပန်းပွင့်ထူခြင်း၊ Weight အပြည့်ပါခြင်းတို့ကြောင့် အရည်အသွေးအထူးကောင်းမွန်သည်။ ထို့ပြင် 9.00 R20, 8.25 R20, 8.25 R16, 7.5 R16, 7.00R16 နှင့် Radial Tyre ဆိုဒ်စုံများကိုလည်း ပြသထားသည်။

Express ကားများအတွက် S.636 တာယာကို အထူးထုတ်လုပ်ထားပြီး တာယာပန်းစားသက်သာပြီး ကြာရှည်အသုံးပြုနိုင်သည်။

ဆက်သွယ်နိုင်

SAILUN TYRE များကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးလမ်း အမှတ် (၉၄) ဖုန်း- ၀၁-၆၈၆၂၉၂နှင့် ၀၁-၆၈၆၂၉၃၊ မန္တလေး (ရုံး) အမှတ် H/Z ဖိုးရာဇာလမ်း စက်မှုဇုန် (၁) မန္တလေးမြို့ ဖုန်း-၀၂-၅၄၄၀၃နှင့် ၀၂-၅၃၄၅၅ မန္တလေးဆိုင် အမှတ် (ဈ-၂၁-၉၀) ယောမင်းကြီး လမ်းနှင့် (၆၅) လမ်းထောင့် စက်မှုဇုန် (၁) မန္တလေးမြို့ ဖုန်း-၀၂-၅၂၁၁၇ တို့သို့ ဆက်သွယ်ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တီဘီရောဂါကာကွယ်ရေးနှိုးဆော်ချက်

ယနေ့ကမ္ဘာပေါ်တွင် တီဘီရောဂါသည် တစ်နှစ်လျှင် လူဦးရေ ကိုးသန်းခန့်ဖြစ်ပွားနေပြီး ၁ ဒသမ ၇သန်းခန့် သေဆုံးနေပါသည်။ စက္ကန့် ၂၀ တွင် တစ်ဦးနှုန်းဖြင့် သေဆုံးလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း တီဘီရောဂါသည် ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ် တည်ရှိနေဆဲဖြစ်ပြီး အမျိုးသားကျန်းမာရေး စီမံကိန်းတွင် အဓိကဦးစားပေးတိုက်ဖျက်ရမည့် ရောဂါအဖြစ် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

တီဘီရောဂါသည် မိသားစု၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးများကို ထိခိုက်နိုင်သဖြင့် အောက်ပါအတိုင်း ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ချောင်းနှစ်ပတ်နှင့်အထက်ဆိုးပါက တီဘီရောဂါရှိ၊ မရှိ စစ်ဆေးပါ။
(၂) ရောဂါတွေ့ရှိပါက အစွမ်းထက်သော တီဘီဆေးများဖြင့် ရောဂါပျောက်ကင်းသည်အထိ ကျန်းမာရေးဌာနများမှ **(အခမဲ့)** ကုသပေးလျက်ရှိပါသည်။
(၃) တီဘီရောဂါဖြစ်လျှင် ကြောက်စရာမလိုပါ။ ဆေးကုသမှုကာလပြီးဆုံးသည်အထိ နေ့စဉ်မှန်မှန် စနစ်တကျဆေးသောက်ပါက ရောဂါပျောက်ကင်းမည်ဖြစ်ပါသည်။
(၄) တီဘီလူနာများ ကုသမှုကာလပြီးဆုံးသည်အထိ ဆေးကုသမှုခံယူနိုင်ရန်အတွက် ပြည်သူလူထုမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဦးစီးဌာန၊ကျန်းမာရေးဝန်ကြီးဌာန



သားရေကျောပြင်ရှိ ရှားပါးပင်လယ်လိပ် ကမ္ဘာပေါ်တွင်ကောင်ရေ သုံးသောင်းသာကျန်

ဂျကာတာ ဖေဖော်ဝါရီ ၁၉

အင်ဒိုနီးရှားနိုင်ငံအနောက်ပိုင်း၌ ကမ္ဘာပေါ်တွင် မျိုးသုဉ်းပျောက်ကွယ်တော့မည့် သားရေကျောပြင်ရှိ အရှည် ခြောက်ပေ ရှည်သော ရောမပင်လယ်လိပ်ကြီးတစ်ကောင်ကို ဥများနှင့်အတူ တွေ့ရှိခဲ့ကြောင်း ဖေဖော်ဝါရီ ၁၇ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါသားရေကျောပြင်ရှိ ပင်လယ်လိပ်ကြီးကို လွန်ခဲ့သည့်သီတင်းပတ်က ဆူမတြားကျွန်းကမ်းခြေတွင် ရေထဲသို့မဆင်းမီ တွေ့ရှိခဲ့ခြင်း ဖြစ်ကြောင်း ဒေသဆိုင်ရာတောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးအဖွဲ့ဝင် ခါရူးအမ်ရာက ပြောကြားသည်။ (အပေါ်ပုံ)

ယင်းရောမပင်လယ်လိပ်ကြီးကို ဥ ၆၅ လုံးနှင့်အတူ သဲသောင်ပြင်ရှိ ဥကျင်းထဲ၌ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းလိပ်ကြီးသည် ယခုနှစ်အတွင်း ယင်းနေရာ၌ တွေ့ရှိခဲ့သည့် တတိယမြောက် လိပ်ဖြစ်ကြောင်း အမ်ရာက ဆက်လက်ပြောကြားသည်။ သားရေကျောပြင်ရှိ ပင်လယ်လိပ်များသည် အရှည် ကိုးပေအထိ ကြီးထွားနိုင်ပြီး ယခုအခါ ကမ္ဘာ့သမုဒ္ဒရာများအတွင်း ကောင်ရေ ၃၀၀၀၀ ခန့်သာရှိတော့ကြောင်း အင်ဒိုနီးရှားတောရိုင်းတိရစ္ဆာန် အဖွဲ့က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဟောင်ကောင်နိုင်ငံတကာလေဆိပ် ကမ္ဘာ့အကောင်းဆုံးလေဆိပ်ဆု ထပ်မံဆွတ်ခူး

ဟောင်ကောင် ဖေဖော်ဝါရီ ၁၉

နှစ်စဉ် လေကြောင်းခရီးသည် သန်း၄၀ကျော်ကိုဝန်ဆောင်မှုပေးနေသည့် ကမ္ဘာ့လေဆိပ်များအနက် ဟောင်ကောင်နိုင်ငံတကာလေဆိပ်သည် အကောင်းဆုံးဖြစ်ကြောင်း နိုင်ငံတကာလေဆိပ်များကောင်စီ(အေစီအိုင်)က ဖေဖော်ဝါရီ ၁၈ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ငါးနှစ်ဆက်တိုက်

ဟောင်ကောင် နိုင်ငံတကာလေဆိပ်(**အောက်ပုံ**)သည် ကမ္ဘာ့အကောင်းဆုံးလေဆိပ်ဆုကို ယခုအကြိမ်နှင့်ဆိုလျှင် ငါးနှစ်ဆက်တိုက် ဆွတ်ခူးနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

လေ့လာမှတ်တမ်းတင်

ကမ္ဘာ့အကောင်းဆုံးလေဆိပ်ဆု ချီးမြှင့်ရန်အတွက် လေဆိပ် ၁၄၀ မှ ခရီးသည်များနှင့် တွေ့ဆုံမေးမြန်းပြီး အကဲဖြတ်ခြင်းဖြစ်သည်။ တွေ့ဆုံမေးမြန်းရာတွင် အထွေထွေပတ်ဝန်းကျင် ဝလေ့စရိုက်၊ သန့်ရှင်းမှု၊ အမည်စာရင်း ဖွင့်ရာ၌ စနစ်တကျကျွမ်းကျင်မှု၊ လေဆိပ် အရာထမ်းအမှုထမ်းများ၏ ယဉ်ကျေးသိမ်မွေ့မှု၊ သက်သောင့်သက်သာရှိသည့် နားနေခန်းအကျယ်အဝန်းနှင့် သန့်ပြန့်မှု စသည့်အချက်များကို လေ့လာမှတ်တမ်းတင်ပြီးမှ ကမ္ဘာ့အကောင်းဆုံးလေဆိပ်အဖြစ် သတ်မှတ်ရွေးချယ်ခြင်းဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ခိုစ်မြို့၌ အသေခံဗုံးခွဲ တိုက်ခိုက်

ခိုစ် ဖေဖော်ဝါရီ ၁၉

အာဖဂန်နစ္စတန်နိုင်ငံမြို့တော် ကာဘူးလ်မြို့၏ အရှေ့တောင်ဘက် ကီလိုမီတာ ၁၅၀ အကွာရှိ ခိုစ်ပြည်နယ် ခိုစ်မြို့၌ ဖေဖော်ဝါရီ ၁၈ရက် နံနက်ပိုင်းက အသေခံကားဗုံးခွဲ တိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားခဲ့ရာ လူကိုးဦးသေဆုံးပြီး အခြား ၃၀ ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း ပြည်နယ်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ အသေခံကားဗုံးခွဲ တိုက်ခိုက်မှုကြောင့် ရဲတစ်ဦးအပါအဝင် ကိုးဦး သေဆုံးသွားပြီဖြစ်ကြောင်း ပြည်နယ်ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး အမီယာဘက်ရှက်မန်ဂယ်က ဆင်ဟွာသို့ သတင်းပေးပို့သည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

➤ မိုးမြင့်လင်းလက် - ရေးသားသည် ➤

ဒစ္စကာဗာရီလွန်းပြန်ယာဉ် လွှတ်တင်မည်

ဝါရှင်တန် ဖေဖော်ဝါရီ ၁၉

နိုင်ငံတကာ အာကာသယာဉ်စခန်းသို့ ၁၁ ရက်ကြာ ခရီးစဉ်အတွက် ဒစ္စကာဗာရီ အာကာသလွန်းပြန်ယာဉ်ကို ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၄ နာရီ မိနစ် ၅၀ ၌ လွှတ်တင်ရန် စီစဉ်ထားကြောင်း နာဆာအဖွဲ့က ဖေဖော်ဝါရီ ၁၉ ရက်၌ သတင်းထုတ်ပြန်သည်။



ယခုခရီးစဉ်သည် ဒစ္စကာဗာရီ အာကာသလွန်းပြန်ယာဉ်၏ နောက်ဆုံးပျံသန်းမှု အစီအစဉ်ဖြစ်ပြီး အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသယာဉ်စခန်းမှ ပျံသန်းမည်ဖြစ်သည်။ ဒစ္စကာဗာရီ အာကာသယာဉ်လွှတ်တင်မည့် ကနေဒီအာကာသယာဉ်စခန်း၌ လိုအပ်သောတပ်ဆင်မှု၊ ပြင်ဆင်မှုနှင့် ဖြည့်ဆည်းမှုများကို ပြုလုပ်ဆောင်ရွက်ပြီး၍ လွှတ်တင်ရန်အသင့်ရှိနေပြီ ဖြစ်သည်။ **(အပေါ်ပုံ)**

ဒစ္စကာဗာရီ အာကာသလွန်းပြန်ယာဉ်နှင့်အတူ အာကာသယာဉ်မှူး ခြောက်ဦးလိုက်ပါသွားမည်ဖြစ်ပြီး လူသားပုံစံစက်ရုပ်နှစ်ခုကိုလည်း သယ်ဆောင်သွားမည်ဖြစ်သည်။

(အင်တာနက်)

ရုရှား၌ ခရီးသည်တင်လေယာဉ် အရေးပေါ်ဆင်းသက်ရ

မော်စကို ဖေဖော်ဝါရီ ၁၉

ရုရှားနိုင်ငံ မော်စကိုမြို့ ဗွီနူကိုဗိုလေဆိပ်၌ အင်ဂျင်နှစ်လုံးတပ် လေယာဉ်တစ်စင်း ဖေဖော်ဝါရီ ၁၉ ရက်က အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း လေဆိပ်အရာရှိများက သတင်းထုတ်ပြန်သည်။

၎င်းလေယာဉ်မှာ အေတီအာ-၄၂ အမျိုးအစားလေယာဉ်ဖြစ်ပြီး ရုရှားနိုင်ငံ တာဂန်ရော့မြို့မှ မော်စကိုမြို့သို့ ပျံသန်းလာစဉ် လေယာဉ်အင်ဂျင်တစ်လုံးချွတ်ယွင်းမှုကြောင့် ဗွီနူကိုဗိုလေဆိပ်သို့ အရေးပေါ် ဆင်းသက်ခဲ့ရခြင်း ဖြစ်သည်။ **(အောက်ပုံ)**

လေယာဉ်ပေါ်တွင် လေယာဉ်အမှုထမ်းနှင့် ခရီးသည် ၁၃ ဦး လိုက်ပါလာခြင်းဖြစ်ပြီး လေယာဉ်မောင်းနှင်ပျံသန်းလာစဉ် ညာဘက်အင်ဂျင်တစ်လုံးမှာ ချွတ်ယွင်းပြီး ရပ်တန့်သွားသဖြင့် ကီလိုမီတာ ၁၄၀၀ အမြင့်မှမြေပြင်သို့ အရေးပေါ်ဆင်းသက်ခဲ့သော်လည်း ခရီးသည်များ ဘေးကင်းခဲ့ကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

ကမ္ဘာပတ် ကန်ရွက်သင်္ဘော ပင်လယ်ဓားပြများအပိုင်စီး

နယူးယောက် ဖေဖော်ဝါရီ ၁၉

ဆိုမာလီနိုင်ငံကမ်းလွန် အိန္ဒိယသမုဒ္ဒရာအတွင်း၌ အမေရိကန်နိုင်ငံသားလေးဦး လိုက်ပါလာသော ရွက်သင်္ဘောတစ်စင်းကို ဖေဖော်ဝါရီ ၁၉ ရက်က ဆိုမာလီပင်လယ်ဓားပြများက အပိုင်စီးသွားခဲ့ကြောင်း အမေရိကန်အရာရှိများက သတင်းထုတ်ပြန်ခဲ့သည်။

၎င်းရွက်သင်္ဘောမှာ ဂျိမ်းနှင့် စကော့အဒမ်အမည်ရှိ ဇနီးမောင်နှံတို့က အခြားနှစ်ဦးနှင့်အတူ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလမှစတင်ကာ ၁၀ နှစ်ကြာ ရေကြောင်းခရီးအဖြစ် ကမ္ဘာပတ်ရွက်လွှင့်ခရီးစဉ် စတင်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ မူလထွက်ရာ ကယ်လီဖိုးနီးယားပြည်နယ် မာရီနာဒယ်ရေးမြို့သို့ အပြန်ခရီးစတင်စဉ် အပိုင်စီးခံရခြင်းဖြစ်သည်။

၎င်းတို့သည် ရွက်သင်္ဘောဖြင့် ဖီဂျီကျွန်းစု၊ အလာစကာ၊ နယူးဇီလန်၊ ဇဟိုအမေရိကနှင့် ပြင်သစ်နိုင်ငံများသို့ ရွက်လွှင့်ဖြတ်သန်းခဲ့ပြီးဖြစ်သည်။ ယခုအခါ ဥရောပသမဂ္ဂ၏ ပင်လယ်ဓားပြနှိမ်နင်းရေးတပ်ဖွဲ့က ပင်လယ်ဓားပြများအပိုင်စီးသွားသည့် ရွက်သင်္ဘောကို ကယ်ဆယ်နိုင်ရန် စုံစမ်းရှာဖွေလျက်ရှိသည်။ **(အင်တာနက်)**

အသည်းရောဂါဆိုင်ရာ ဟောပြောပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

KC ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းက ကြီးမှူး၍ အသည်းရောဂါဆိုင်ရာ ဟောပြောပွဲနှင့် အသည်းရောဂါဝေဒနာရှင်များအား အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ Indraprastha Apollo ဆေးရုံကြီးမှ အစာအိမ်အူလမ်းကြောင်းနှင့် အသည်းအထူးကု ဆရာဝန်ကြီး Professor Anupam Sibal က အခမဲ့ တိုင်ပင်ဆွေးနွေးပေးခြင်းကို ရန်ကုန်မြို့ နတ်မောက်လမ်းရှိ Chatrium ဟိုတယ်၌ ဖေဖော်ဝါရီ ၁၇ ရက်က ကျင်းပရာ အဆိုပါ အခမ်းအနားတွင် KC ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း၏ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာကျော်မင်းက အိန္ဒိယနိုင်ငံသို့ ဆေးကုသမှုခံယူလိုသူများအတွက် ဆောင်ရွက်ပေးသော ဝန်ဆောင်မှုများ၊ အိမ်တိုင်ရာရောက် သူနာပြုလုပ်ငန်းနှင့် အိမ်တိုင်ရာရောက် ဆေးကုသဝန်ဆောင်မှု လုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားခဲ့ပြီး Prof. Anupam Sibal က အသည်းရောဂါဝေဒနာရှင်များအား တစ်ဦးချင်း အချိန်ယူ ဆွေးနွေးပေးခဲ့ပြီးနောက် တက်ရောက်လာသူများအား အသည်းရောဂါနှင့် အသည်းအစားထိုးခြင်းဆိုင်ရာ သိကောင်းစရာများကို ဟောပြောပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အိန္ဒိယနိုင်ငံရှိ Apollo ဆေးရုံများသို့ ဆေးကုသမှု ခံယူလိုသူများသည် KC ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်း အခန်း G-1, 2, 11 ပုလဲကွန်ဒို (စီ)ဆောင် Apollo 1 ဖုန်း-၀၁-၇၃၀၇၆၄၀၄၊ ၀၁-၅၅၇၄၄၈ နှင့် Ext - ၈၉၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေးနှင့် မြေတိုင်းတာခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

မကွေး ဖေဖော်ဝါရီ ၁၉

မကွေးတိုင်းဒေသကြီးအတွင်း ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်း နောက်ဆက်တွဲ စာရင်းကောက်ယူခြင်းလုပ်ငန်းနှင့် ၂၀၁၀-၂၀၁၁ ခုနှစ် မြေတိုင်းရာသီတွင် တောင်တွင်းကြီးမြို့နယ်နှင့် မင်းလှမြို့နယ်တို့တွင် ကွင်းပေါင်း (၅၀) မြေတိုင်းတာမြေပုံထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးအေးမောင်စိန်သည် တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးအောင်ဝင်းနှင့် ဒုတိယတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးအောင်ဆွေတို့လိုက်ပါလျက် ဖေဖော်ဝါရီ ၅ ရက်က တောင်တွင်းကြီးမြို့နယ် ပန်းတောငယ်ကျေးရွာအုပ်စု၌ မြေတိုင်းတာနေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုအားပေး

ယင်းနောက် ညွှန်ကြားရေးမှူး ဦးအေးမောင်စိန်သည် ဖေဖော်ဝါရီ ၆ ရက်မှ ၁၀ ရက်အထိ တောင်တွင်းကြီးမြို့နယ်၊ အောင်လံမြို့နယ်၊ မကွေးမြို့နယ်နှင့် မင်းလှမြို့နယ်တို့တွင် ၂၀၁၀ ခုနှစ် လယ်ယာသန်းခေါင်စာရင်း နောက်ဆက်တွဲ စာရင်းကောက်ယူနေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး မင်းလှမြို့နယ် ကန်တုတ်ကျေးရွာအုပ်စုတွင် မြေတိုင်းတာနေမှုအား ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(မြေစာရင်းဦးစီးဌာန)

ဗဟန်းမြို့နယ် အမှတ်(၁၃) အခြေခံပညာမူလတန်းကျောင်း၏ ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၅ ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုနှင့် စံပြကျောင်းသားဆုရရှိသော မောင်စစ်သွေးအောင်အား ကျောင်းအုပ်ဆရာကြီး ဦးဝေနိုင်မြင့် ဆုချီးမြှင့်စဉ်။ (ပညာရေး)

စာကြည့်တိုက်သစ် မြောက်ဦး၌ဖွင့်

မြောက်ဦး ဖေဖော်ဝါရီ ၁၉

စစ်တွေခရိုင် မြောက်ဦးမြို့နယ် နဒင်ကျေးရွာ တောပန်းလင်းရောင် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၀ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ ရှေးဦးစွာ တောပန်းလင်းရောင် စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်အတွင်းရေးမှူး ဦးကျော်လှိုင်နှင့်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

အဆိုပါ တောပန်းလင်းရောင် စာကြည့်တိုက်သို့ မြို့နယ်အတွင်းရေးမှူး ဦးကျော်လှိုင်က ငွေကျပ်တစ်သိန်းနှစ်သောင်း တန်ဖိုးရှိ သုတ၊ ရသ စာအုပ်မျိုးစုံ အုပ်ရေ ၂၁၀နှင့် ဦးစီးမှူး ဦးမြင့်စိုးက စာအုပ်စာစောင် ၁၅၀ တို့ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌက လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

အဆင့်မြင့်ဘက်ထရီများ ပြသရောင်းချလျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၁ ရက်အထိ ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ကျင်းပလျက်ရှိသော Automobile & Living Products Show 2011 ပြပွဲတွင် Best Battery Trading Co.,Ltd. မှ မော်တော်ကား၊ အင်ဗာတာ၊ ဆိုလာ၊ မီးစက်စသည့် ဘက်စုံသုံး 2 Volts ဘက်ထရီများ ပြခန်းဖွင့်လှစ်ပြသရောင်းချလျက်ရှိကြောင်း သိရသည်။

ATLAS , E-NEX, DUPEX နှင့် ABX-AGM အမည်ရှိ မိုးရေအက်စစ်ဖြည့်တင်းရန် လုံးဝမလိုသော အလုံပိတ် Sealed Maintenance Free ဘက်ထရီများကို တောင်ကိုရီးယားနိုင်ငံ၌ ထုတ်လုပ်ပြီး Best Battery Trading Co., Ltd. မှ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ၂၀၁၁ ခုနှစ်မှပင် စတင်၍ တင်သွင်းရောင်းချခဲ့သည်။



အထက်ပါ ဘက်ထရီလေးမျိုး၏ Catalogue အသုံးပြုပုံ အညွှန်းစာအုပ်၊ ဈေးနှုန်းစာရင်း စသည်တို့ကို ပြပွဲလာပြည်သူများအား ဝေငှလျက်ရှိကြောင်း သိရသည်။ ၂၀၁၁ခုနှစ် ဖေဖော်ဝါရီမှ စတင်သော အထူးဈေးနှုန်းများတွင် အချို့ဘက်ထရီများကို ၅ ရာခိုင်နှုန်းမှ ၁၂ ရာခိုင်နှုန်းအထိ လျှော့ချထားကြောင်းနှင့် ယင်းဘက်ထရီများကို ရန်ကုန်မြို့တွင်း ဘက်ထရီဆိုင်အများအပြား၌ ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

ကုမ္ပဏီ Show Room မှာ အမှတ် ၃၁၆ မဟာသုခိတာလမ်းမ အရှေ့ကြို့ကုန်းရပ်ကွက် အင်းစိန်မြို့နယ် ရန်ကုန်မြို့ ဖုန်း -၆၄၂၇၂၁ နှင့် ၆၄၆၃၆၃ တို့သို့ ပိတ်ရက်မရှိ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

စောင့်ကြည့်သတင်းဂျာနယ်ထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ချယ်ရီဝက်ဝွန်ကား ကျပ်သိန်း ၆၀ ဝန်းကျင်နှင့် ရောင်းချမည်၊ ကျပ်သိန်း ၇၀၀ နီးပါးအကုန်ကျခံစမ်းသပ်ပြီး ယာဉ်ဗဟိုထိန်းချုပ်စနစ် စတင်တော့မည်၊ ငါးသိန်းတန် GSM ဖုန်း လျှောက်လွှာတစ်စောင် ငွေကျပ် ၅၀၀၀ ဖြင့် တစ်ဆင့်ရောင်းချနေကြ၊ အထည်ချုပ်လုပ်ငန်း ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများလာ၊ မြန်မာနိုင်ငံမှ သီဟိုဠ်စေ့ အီရတ်မှ ဝယ်ယူလို၊ ရန်ကင်း ကလေးဆေးရုံသစ်ကြီး ဖွင့်တော့မည်၊ ဘိုကလေး-ဖျာပုံ ကားလမ်းသစ် 33/11 KV ဓာတ်အားလိုင်းသစ် တပ်ဆင်ပြီးစီးပြီ၊ မန္တလေး ပြင်ပတရားမဝင်ဓာတ်ဆီဆိုင်များကြောင့် မီးဘေးအန္တရာယ် စိုးရိမ်နေရ၊ သတ်မှတ်ကုန်ချိန်အတိုင်း တင်ဆောင်ရန် မြို့နယ်အသီးသီးတွင် ကြပ်မတ်ဆောင်ရွက်မည်၊ ပြည်ပနိုင်ငံများသို့ သစ်တောထွက်ပစ္စည်းများ အပို့များလာ၊ ဟောင်းနွမ်းစုတ်ပြဲ ငွေစက္ကူများကို မြန်မာနိုင်ငံဗဟိုဘဏ်မှာ လဲလှယ်ပေးနေ၊ ဆရာပါရဂူ၏ တဂိုး၏ဝတ္ထုများ၊ ပါကစ္စတန်နိုင်ငံ ဘနာဇီယာဘူတိုကို လုပ်ကြံသတ်ဖြတ်မှု ပါဗက်မူရှာရက်ဖ်အား ဖမ်းဝရမ်းထုတ်၊ ပါလက်စတိုင်း အစိုးရအဖွဲ့နုတ်ထွက် အကြီးအကျယ်အပြောင်းအလဲဖြစ်၊ ဂရမ်မီဆုရသည့် မျက်နှာသစ်အဆိုတော် အက်စပါရန်ဇာပပါလ်ဒီ၊ ဟယ်ရီပေါ်တာ မင်းသမီးလေး ဗြိတိန်ရုပ်ရှင် အကယ်ဒမီဆုရရှိ၊ အတိတ်ကို မတူးဖော်ဘူးဆိုသည့် အင်ဆိုဂျင်၊ လက်တွေ့ဆန်သည့် ခုံရို၊ မောင်သန်းဆွေ(ထားဝယ်)၏ ဗြိတိသျှ ထီးနန်းကို ဆက်ခံမည့်သူ စသည်တို့ဖြင့် News Watch (စောင့်ကြည့်)ဂျာနယ် အတွဲ (၆) အမှတ်(၃၂) ထွက်ရှိလာပြီဖြစ်သည်။ **(သတင်းစဉ်)**

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်



ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းတို့ ကျိုက်လတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ဖေဖော်ဝါရီ ၆ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးလှိုင်မြင့်တို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

မူဆယ်မြို့အဝင်မုခ်ဦးအနီး မြေယာရှုခင်းအလှ ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် အလှပုံဖော်ခြင်းလုပ်ငန်းများကို မူဆယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးဝင်းဇော်နှင့် ဝန်ထမ်းများ ဆောင်ရွက်ရာသို့ ဖေဖော်ဝါရီ ၇ ရက်က အမှုဆောင်အရာရှိ ဦးသက်ပိုင် ကွင်းဆင်းကြီးကြပ်စဉ်။ (ဝ၆၆)



တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင် ဖေဖော်ဝါရီ ၆ ရက်က ကော့သောင်းမြို့ ၅၅၅ တောင် ရှုရပ်ဆောင် ပြင်ဆင်ပြီးစီးမှု အခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်မိုးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကိုဦးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စာတိုက်ရှေ့ ဘက်လမ်း ကျောက်ချောခင်းနေမှုကို ဖေဖော်ဝါရီ ၈ ရက်က အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်ကြည်ကြည်ဌေး ကြီးကြပ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်း ဖေဖော်ဝါရီ ၄ ရက်က တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရေပိုက်လိုင်းများတိုးချဲ့သွယ်တန်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကိုကိုနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းလောဝ်ခမ်းတို့ ရှင်းလင်းတင်ပြစဉ်။ (ဝ၆၀)

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း ခရီးစဉ်သစ်များ စတင်ပျံသန်းမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း(MAI)သည် ခရီးစဉ်သစ်များအနေဖြင့် ရန်ကုန်မှ ကမ္ဘောဒီးယားနိုင်ငံ စီရမ်ရိမြို့ (အန်ကောဝပ်)သို့ တစ်ပတ်လျှင် နှစ်ကြိမ် စနေနေ့နှင့် ဗုဒ္ဓဟူးနေ့များတွင်လည်းကောင်း၊ ရန်ကုန်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးမြို့သို့ အပတ်စဉ် ကြာသပတေးနေ့နှင့် တနင်္ဂနွေနေ့များတွင် လည်းကောင်း ပျံသန်းမည်ဖြစ်ကြောင်း သိရှိရသည်။ အဆိုပါ ခရီးစဉ်သစ်များအနက် ရန်ကုန်-စီရမ်ရိခရီးစဉ်ကို ဖေဖော်ဝါရီ ၂၃ရက်တွင်လည်းကောင်း၊ ရန်ကုန်-ကွမ်ကျိုးခရီးစဉ်ကို မတ် ၃ရက်တွင်လည်းကောင်း စတင်ပျံသန်းမည်ဖြစ်သည်။**(အပေါ်ပုံ)**

အောင်မြင်စွာပြေးဆွဲ

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI)သည် လူဦးရေ ၁၆၀ လိုက်ပါစီးနင်းနိုင်သည့် Air Bus A-320 လေယာဉ် သုံးစင်း၊ လူဦးရေ ၂၂၀ လိုက်ပါစီးနင်းသည့် Air Bus A-321 လေယာဉ် တစ်စင်းဖြင့် ဗန်ကောက်၊ စင်ကာပူ၊ ကွာလာလမ်ပူ၊ ဂါယာမြို့များသို့ တိုက်ရိုက်အသွားအပြန် ခရီးစဉ်များကိုလည်းကောင်း၊ Air Bus လေယာဉ် တစ်စင်းကို ဗန်ကောက်တွင်ညအိပ်ရပ်နားပြီး ဗန်ကောက်-ရန်ကုန်အပြင် နိုင်ငံတကာခရီးစဉ်အပိုင်းဖြစ်သော ဗန်ကောက်-စင်ကာပူ နေ့စဉ်အသွားအပြန် ခရီးစဉ်ကိုလည်းကောင်း အောင်မြင်စွာပြေးဆွဲလျက်ရှိပြီး စင်းလုံးငှားခရီးစဉ်များကိုလည်း အခါအားလျော်စွာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအဖွဲ့များဖြင့် ပြေးဆွဲလျက်ရှိသည်။

စီစဉ်ဆောင်ရွက်

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI) အနေဖြင့် ဂျပန်နိုင်ငံ တိုကျို၊ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်၊ အိန္ဒိယနိုင်ငံ နယူးဒေလီ၊ အာရပ်စော်ဘွားများနိုင်ငံ ဒူဘိုင်း၊ အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာနှင့် ဘာလီကျွန်း အစရှိသည့် ဒေသများသို့လည်း ဆက်လက်ပျံသန်းပြေးဆွဲသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သတင်းအချက်အလက်များ ဝန်ဆောင်မှုပေးလျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

e Trade Myanmar Co., Ltd. သည်ဖေဖော်ဝါရီ ၁၈ ရက်နှင့်၁၉ ရက်အတွင်း Strand Hotel ၌ ကျင်းပခဲ့သည့် Software & Solution Exhibition 2011 ပြပွဲတွင် eTm SMS ၏ SMS2LED Interactive Quiz & Game FMCG Product များအတွက် SMS Ordering System များအပါအဝင် အခြား SMS Application Service များကို ပြသခဲ့သည်။

ဝန်ဆောင်မှုပေး

၂၀၀၅ခုနှစ် နိုဝင်ဘာတွင် မြန်မာ့ဆက်သွယ်ရေးမှ SMS စနစ်စတင်အသုံးပြုခွင့်ပေးသည်နှင့်တစ်ပြိုင်နက် eTm SMS အမည်ဖြင့် မိုဘိုင်းလ်ဖုန်းသုံးစွဲသူ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သည်များသို့ SMS (သတင်းတိုစာပို့စနစ်)ဖြင့် တိကျမှန်ကန်သော ဈေးကွက် သတင်းအချက်အလက်များကိုအချိန်နှင့်တစ်ပြေးညီသိရှိပြီးမှန်ကန်သော စီးပွားရေးဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်ရည်ရွယ်၍ ပဲမျိုးစုံ၊နှံစား၊ ဆီထွက်၊ စားသုံးဆီ၊ ဆန်စပါးနှင့် ရော်ဘာအစရှိသောလယ်ယာထွက်ကုန်များ၏ ပြည်တွင်း၊ ပြည်ပ နေ့စဉ်ပေါက်ဈေးနှုန်းများ၊ သတင်းအချက်အလက်များ၊ ဘောလုံးပွဲစဉ်များ၏ လူစာရင်းခန့်မှန်း၊ ခန့်မှန်းရလဒ်နှင့် ပွဲပြီး ရလဒ်များကို အသင်းဝင်စနစ်ဖြင့် သတင်းအချက် ဝန်ဆောင်မှုပေးလျက်ရှိသည်။

အမျိုးအစားစုံလင်

လက်ရှိတွင်လည်း(GSM/CDMA 450/ CDMA 800) ဖုန်းများသို့ SMS စနစ်ဖြင့်လည်းကောင်း၊ www. etrademyanmar.com အင်တာနက်ဝက်ဘ်ဆိုက်မှ လည်းကောင်း နေ့စဉ်ဈေးနှုန်းနှင့် သတင်းအချက်အလက်များကိုအမျိုးအစားစုံလင်စွာ ဝန်ဆောင်မှုရယူနိုင်ပြီဖြစ်သည်။အသေးစိတ်သိရှိလိုပါက e Trade Myanmar Co., Ltd. ရန်ကုန်ရုံးချုပ် အဆောင်(၄) အခန်း(၈) မြန်မာအင်ဖိုတက်ခ် လှိုင်မြို့နယ်ဖုန်း-၀၁-၆၅၂၂၈၃၊ ၅၀၇၁၅၃၊ ၅၀၇၁၅၄၊၀၉-၅၁၄၈၆၂၆နှင့် မန္တလေးရုံးခွဲတိုက်(C/3) ဒုတိယထပ် (၃၂)လမ်း (၇၇×၇၈)ဖုန်း-၀၂-၆၉၃၉၀နှင့် ၀၉-၅၁၉၅၂၂၂ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကသာမြို့ ကမ်းနားလမ်း သာယာလှပရေးအတွက် ပလက်ဖောင်းခင်းခြင်း၊ လက်ရန်းအကာ တန်းပြုလုပ်ခြင်း၊အလှမီးတိုင်များ စိုက်ထူခြင်းလုပ်ငန်းကို တာဝန်ခံ အင်ဂျင်နီယာ ဦးဗိုလ်ဗိုလ်မြင့်နှင့် အဖွဲ့ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၀ ရက်က အမှုဆောင်အရာရှိ ဦးထွန်းထွန်း ကွင်းဆင်း ကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှု ထန်းတပင်မြို့နယ်၌ ဆောင်ရွက်

ထန်းတပင် ဖေဖော်ဝါရီ ၁၉

ရန်ကုန်တိုင်းဒေသကြီး တိုင်းကျန်းမာရေးကော်မတီ၏ဦးဆောင်ပံ့ပိုးမှု၊ ထန်းတပင်မြို့နယ် ကျန်းမာရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်အတွင်းရှိ နာတာရှည်ဝေဒနာရှင်များအား ပြည်သူလူထုအခြေပြု အိမ်တိုင်ရာရောက် ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် နံနက်က မြို့နယ်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာမျိုးသန့်၊ ရန်ကုန်တိုင်းဒေသကြီး တီဘီရောဂါ တိုက်ဖျက်ရေးဆရာဝန်ကြီး ဒေါက်တာ တင်မိမိခိုင်၊ ရန်ကုန်တိုင်းဒေသကြီး အနာကြီးရောဂါ တိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာသန်းဝင်းတို့က ကဏ္ဍအလိုက် အသိပညာပေး ဆွေးနွေးပြောကြားကြသည်။**(အပေါ်ပုံ)**

ထို့နောက် အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာယဉ်သန္တာလွင်နှင့် ဆရာဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများသည် ရပ်ကွက်နှင့် ကျေးရွာများအတွင်းရှိ နာတာရှည်ဝေဒနာရှင်များအား အိမ်တိုင်ရာရောက်သွားရောက်၍ ကျန်းမာရေးစစ်ဆေးပေးပြီး ဆေးဝါးနှင့် အာဟာရပစ္စည်းများ၊ ထောက်ပံ့ငွေများ ပံ့ပိုးပေးခဲ့ကြောင်း သိရှိရသည်။ **(၁၈၃)**

သားငါးအရောင်းဆိုင်များ ကျန်းမာရေးနှင့်ညီညွတ်ရေး သံဖြူဇရပ်၌ ကွင်းဆင်းစစ်ဆေး

သံဖြူဇရပ် ဖေဖော်ဝါရီ ၁၉

သံဖြူဇရပ်မြို့နယ်အတွင်းရှိ သားငါး၊ပုစွန်၊ငါးပိ၊ ငါးခြောက် အရောင်းဆိုင်များကို ကျန်းမာရေးနှင့်ညီညွတ်မှုရှိရေး၊ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေး၊ ပြည်သူများ သန့်ရှင်းလတ်ဆတ်စွာ စားသုံးနိုင်ရေးအတွက် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါက်တာတင်ဌေး၊မြို့နယ်ငါးလုပ်ငန်း ဦးစီးမှူး ဦးလှမင်းဇော်နှင့်ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးထွန်းရှိန်၊ ကျန်းမာရေးဦးစီးဌာနမှ ဦးမင်းအောင်နှင့် ဦးစိန်ဝင်းတို့ပါဝင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက သံဖြူဇရပ်မြို့စည်ပင်သာယာဈေးအတွင်း ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။ **(အောက်ပုံ)**

အဆိုပါ စစ်ဆေးရေးအဖွဲ့သည် ကြက်၊ ဝက်၊အမဲဆိုင် ၁၄ ဆိုင်၊ ငါး၊ ပုစွန်၊ ငါးပိ၊ ငါးခြောက်ဆိုင် ၂၁ဆိုင် တို့ကို စစ်ဆေးခဲ့ပြီး တားမြစ်အသား၊ ငါးအမျိုးအစားများ ရောင်းချခြင်းမပြုရေး ဆွေးနွေးမှာကြားကြကာပညာပေး လက်ကမ်းစာစောင်များပေးဝေခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

အလက(၅)ရန်ကင်း အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကင်းမြို့နယ် အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်း၌ တက်ရောက်ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများက ကြီးမှူး၍ ၁၉၇၀ပြည့်နှစ်မှ ၂၀၀၅ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ ဆရာမကြီးများအား ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဧပြီ ၂၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပူဇော်ပွဲနှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းမှုများကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း မွန်းတည့် ၁၂ နာရီတွင် ကျောင်း၌ကျင်းပလျက်ရှိပြီး ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများသည် အလက(၅)ဖုန်း-၅၅၄၈၁၇၊ဒေါ်တင်တင်ကျော် ဖုန်း-၅၇၇၂၂၈၊ ကိုမျိုးမင်းအောင် ဖုန်း-၀၉-၅၁၈၄၂၀၁၊ ကိုသန်းဇော်မင်းထိုက် ဖုန်း-၇၃၁-၁၈၄၂၆၊ မအငယ်ထွေး ဖုန်း-၀၉-၅၀၈၅၃၄၇၊ မနှင်းအောင်ထွန်း ဖုန်း-၀၉-၅၁၄၃၈၂၇၊ ကိုအောင်ဆွေမိုး ဖုန်း-၀၉-၅၀၁၆၉၃၈၊ ကိုညီညီစည်သူ ဖုန်း-၇၃၁-၁၂၆၆၈၊ ကိုဇေလွင်မိုး ဖုန်း-၀၉-၅၂၀၃၄၅၈၊ ကိုသာဌေးခိုင် ဖုန်း-၀၉-၅၃၅၁၁၆၂၊ ၀၉-၅၀၄၉၃၁၆ နှင့် အဝေးရောက် ကျောင်းသား ကျောင်းသူဟောင်းများ ပါဝင်လှူဒါန်းနိုင်ရန်အတွက် ကမ္ဘောဇဘဏ်ငွေစာရင်း အမှတ်-၀၄၂၁၂၂၀၀၀၁၇၈၇ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် လက်ရွေးစင်စနူကာအားကစားသမား ရွေးချယ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်မှ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင်စနူကာအားကစားသမားရွေးချယ်ပွဲကို မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာအဖွဲ့ချုပ် လေ့ကျင့်ခန်းတွင် မတ် ၁၄ ရက်မှစတင်၍ ယှဉ်ပြိုင်ရွေးချယ်မည်ဖြစ်ရာ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်မှကျင်းပခဲ့သည့် အငယ်တန်းစနူကာပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိထားဖူးသူများနှင့် အကြီးတန်းလက်ရည်အဆင့်ရှိသူများ ဝင်ရောက်ယှဉ်ပြိုင်လိုပါက မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာအဖွဲ့ချုပ် အောင်ဆန်းကွင်းသို့ မတ် ၁၃ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်)**

လဲချားမြို့မဈေး မီးဘေးလုံခြုံရေးအတွက် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့နှင့် ပူးပေါင်း၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်နေမှုကို ဖေဖော်ဝါရီ ၁၅ ရက်က အမှုဆောင်အရာရှိဦးစိုးလင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင်ဘုရားလမ်း အမှတ် ၁၅၁ နေ ဦးစက်ရေး-ဒေါ်သန်းသန်းနွယ်တို့က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ နာယက ဗိုလ်မှူးချုပ် အောဘယ်လ်(ငြိမ်း)နှင့် ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်တို့ လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

လယ်ယာ/ဆည်မြောင်း ဝန်ကြီး ဦးဌေးဦးအား ဖိလစ်ပိုင်သမ္မတနိုင်ငံမှဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား ဖိလစ်ပိုင်သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသန International Rice Research Institute မှ Dr. Grant Robert Singleton (Senior Scientist-Rodent Ecology)၊ Dr. David Edward Johnson (Senior Scientist-Weed Science)၊ Dr. Abdelbagi Mohamed Ismail (Senior Scientist-Plant Physiology) နှင့် Dr. Rubenito Melendres Lampayan (Water Management-Scientist)တို့အဖွဲ့သည် ဖေဖော်ဝါရီ ၁၄ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် လယ်ယာကဏ္ဍ နည်းပညာပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခဲ့ကြကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

မူကြိုကလေးငယ်များ ကာယ၊ ဉာဏစွမ်းရည်ပြိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် မူကြိုကလေးငယ်များ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲ ၁နာရီက သဃ်္ဃန်းကျွန်းမြို့နယ် ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးထံ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးသူတင်က ရာသက်ပန်အသင်းဝင်အဆိုပြုလွှာများပေးအပ်သည်။ **(ယာပုံ)** ထို့နောက် တောင်ဥက္ကလာပနှင့်မြောက်ဒဂုံမြို့သစ်မြို့နယ်တို့မှ မူကြိုကလေးငယ်များက ချစ်စရာ့အရွယ်ကစားကြမယ် ပြိုင်ပွဲယှဉ်ပြိုင်ကစားကြသည်။ ယင်းနောက် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်ခင်မြတ်ထွေးက ပထမဆုရ တောင်ဥက္ကလာပမြို့နယ် မူကြိုကလေးငယ်များအားလည်းကောင်း၊ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးသူတင်နှင့်အဖွဲ့ဝင်များက ဒုတိယဆုရမြောက်ဒဂုံမြို့သစ် မြို့နယ်မူကြိုကလေးငယ်များအားလည်းကောင်း ဆုများချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(၁၂၁)**

အသည်းအစားထိုးကုသခြင်းဆိုင်ရာ ဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၁၉

KC ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကကြီးမှူး၍ အသည်းအစားထိုးကုသခြင်းဆိုင်ရာ ဆေးပညာဟောပြောပွဲကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၁၁ နာရီခွဲက ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ် Ballroom ၌ ကျင်းပသည်။

ယင်းဟောပြောပွဲတွင် KC ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းမန်နေဂျင်းဒါရိုက်တာ ဒေါက်တာ ကျော်မင်းက နှုတ်ခွန်းဆက်စကား ပြောကြားပြီး Indraprastha Apollo Hospital, New Delhi, India မှ အစာအိမ်အူလမ်းကြောင်းနှင့် အသည်းဆိုင်ရာ ကလေးအထူးကုဆရာဝန်ကြီး Prof. Anupam Sibal က အသည်းအစားထိုးကုသခြင်းဆိုင်ရာများကိုဟောပြောသည်။ **(အပေါ်ပုံ)**

ရှင်းလင်းပြောကြား

ဆက်လက်၍ဒေါက်တာကျော်မင်း ဦးစီးသော KC ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို Indraprastha Apollo Hospital, New Delhi နှင့် Akpollo Hospitals Group ၏ မြန်မာနိုင်ငံဆိုင်ရာ တရားဝင်ကိုယ်စားလှယ် (medical facilitator) အဖြစ် ခန့်အပ်ခြင်းနှင့် Apollo ဆေးရုံအုပ်စု၏ အသည်းအစားထိုးကုသမှုဆိုင်ရာ လုပ်ငန်းအတွေ့အကြုံများအကြောင်း စာနယ်ဇင်းရှင်းလင်းပွဲကို မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ် ပုဂံခန်းမ၌ ကျင်းပရာ အသည်းအထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာခင်မောင်ဝင်းက ရှင်းလင်းပြောကြားပြီး ဒေါက်တာ ကျော်မင်းက KC ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၏ အိန္ဒိယနိုင်ငံသို့ သွားရောက် ဆေးကုသမှုခံယူလိုသူများအတွက် ကူညီဆောင်ရွက်ပေးသော ဝန်ဆောင်မှုများအကြောင်း၊နယူးဒေလီမြို့ Apollo ဆေးရုံမှ Senior Marketing Manager Mr. Raj Raina က ယင်းဆေးရုံ၏ ဝန်ဆောင်မှုများအကြောင်းများကို ရှင်းလင်းပြောကြားကြသည်။

KC ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းက အသည်းအစားထိုးကုသလိုသူများနှင့် အခြားရောဂါများအတွက် ကုသမှုခံယူလိုသူများအား Indraprastha Apollo Hospital, New Delhi, India သို့ ပို့ဆောင်ကူညီပေးသွားမည်ဖြစ်ပြီးမကြာမီ Telemedicine Service ကို KC ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း အခန်းဂျီဝမ်း အခန်းအမှတ်(၁/၂/၁၁)ပုလဲကွန်ဒို(စီ)ဆောင် ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့၌ ဖွင့်လှစ်သွားရန်စီစဉ်ထားကြောင်း သိရှိရသည်။

ဆက်သွယ်လိုသူများအနေဖြင့်ဖုန်း- ၀၁-၇၃၀-၇၆၄၀၄၊ ၀၁-၅၅၇၄၄၈ နှင့် ext- ၈၉၉တို့ထံသို့ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပျဉ်းမနား အထက(၂) အာစရိယပူဇော်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ နဝမအကြိမ်မြောက်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၆ရက် နံနက်၉နာရီကကျင်းပရာရှေးဦးစွာ နာယကဦးသိန်းလွင်က ဂုဏ်ပြုအမှာစကားပြောကြားပြီးနောက် အငြိမ်းစား ဆရာ ဆရာမကြီးများအား နာမကျန်းကူညီမှုစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌက အဖွဲ့၏လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသက် ၇၀အထက်နှင့် အသက် ၆၀နှင့်အထက် အငြိမ်းစားဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ကြ၍ လက်ဆောင်ပစ္စည်းများပေးအပ်ကြပြီး ဆရာကြီးဦးမြသန်း၊ ဆရာမကြီး ဒေါ်သိန်းသိန်းချို နှင့် ဆရာကြီး ဦးရဲမြင့်တို့က ဆုံးမသြဝါဒစကားများ ပြန်လည်ပြောကြားခဲ့ကြောင်း သိရှိရသည်။

(၀၃၉)

ဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း(ငွေဆောင်ဇုန်)ကကြီးမှူးကျင်းပမည့် ငွေဆောင်အလှသဘာဝခေါင်းစဉ်ဖြင့် တတိယအကြိမ်မြောက် ငွေဆောင်ကမ်းခြေ ဓာတ်ပုံပြိုင်ပွဲကို မြန်မာနိုင်ငံဓာတ်ပုံအသင်း၏ ကူညီပံ့ပိုးမှုဖြင့် ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်သူတစ်ဦးလျှင်ဓာတ်ပုံအရွယ်အစား(၁၀×၁၅)လက်မဖြင့် ငါးပုံတင်သွင်းနိုင်သည်။ ဖေဖော်ဝါရီ ၂၈ရက်နောက်ပိုင်း ရိုက်ကူးထားသောပုံများကို မည်သူမဆို၊ မည်သည့်ကင်မရာအမျိုးအစားနှင့်မဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ကာ ဆုရရှိပါက ဆုရပုံ၏မူရင်းနဂ္ဂတစ်ပုံများကို ဆုကြေညာပြီး ခုနစ်ရက်အတွင်းတင်ပြနိုင်ရမည်ဖြစ်သည်။ ပြိုင်ပွဲဆုကြေးမှာ ပထမဆု ငွေကျပ်ငါးသိန်း၊ ဒုတိယဆု ငွေကျပ်သုံးသိန်း၊ တတိယဆုငွေကျပ်နှစ်သိန်းနှင့်နှစ်သိမ့်ဆု ၁၂ဆုကို တစ်ဆုလျှင်ငါးသောင်းစီ ချီးမြှင့်မည်ဖြစ်ပြီးပြိုင်ပွဲပုံများကို မတ် ၁၄ရက် (တနင်္လာနေ့) ညနေ၄နာရီအရောက် မြန်မာနိုင်ငံ ဓာတ်ပုံအသင်း (၂၇/၂၉)၃၅လမ်း(အောက်) ကျောက်တံတားမြို့နယ် ဖုန်း-၃၇၃၁၆၇ သို့ လိပ်မူ၍ ပေးပို့ရမည် ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ကြို့ပင်ကောက်မြို့နယ် အခြေခံပညာမူလတန်းလွန်ကျောင်း ပြည်လမ်း၏ ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၃ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးဝင်းမောင်က သူငယ်တန်းပညာရည်ချွန်ဆုရရှိသော မောင်သီဟသန့်ဇင်အား ဆုချီးမြှင့်စဉ်။ (၁၈၀)

ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဆင့်ပွားသင်တန်း လင်းခေးမြို့တွင် ဖွင့်

လင်းခေး ဖေဖော်ဝါရီ ၁၉

လင်းခေးမြို့တွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကြီးမှူး၍ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာပြည်သူများအသိပညာပေး ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီက အဆိုပါခရိုင်မွေး/ကုဦးစီးဌာန၌ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးကျော်ဆွေက အမှာစကားပြောကြားသည်။**(အောက်ပုံ)**

ဆက်လက်၍ ခရိုင်ဦးစီးဌာနမှူး ဒေါက်တာအောင်ကျော်ဇောကသင်တန်းဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။ သင်တန်းသို့ ကျေးရွာအုပ်စု၁၁အုပ်စုမှ သင်တန်းသား ၂၅ဦး တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မုန့်မျိုးစုံပြုလုပ်နည်း သင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ပြည်တွင်းပြည်ပရှိ Hotel, Restaurant နှင့် အပျော်စီးသင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်လိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်းတွင် ကျွမ်းကျင်သူတစ်ယောက်အဖြစ် လုပ်ကိုင်လိုသူများအတွက်ရည်ရွယ်၍ International Bakery & Pastry Course (နိုင်ငံတကာအဆင့် ပေါင်မုန့်၊ ကိတ်မုန့်နှင့် မုန့်မျိုးစုံပြုလုပ်ပြင်ဆင်နည်းသင်တန်း) သင်တန်းအပတ်စဉ်အသစ်ကို ဖေဖော်ဝါရီ နောက်ဆုံးပတ်အတွင်း Star Resources Hospitality Management Academy တွင် ဖွင့်လှစ်မည်ဖြစ်သည်။

သင်ကြားပေး

သင်တန်းကာလအတွင်း Sandwich/ Pizza/ Burger/ Hot Dog စသည့် Fast Food ပြုလုပ်နည်းများ၊ Danish/ Puff/ Croissant ပြုလုပ်နည်းများ၊ Soft Bread အမျိုးအစားများဖြစ်သည့် ပေါင်မုန့်မျိုးစုံ၊ French Baguette/ Onion Bread/ Garlic Bread စသည့် Hard Bread ပြုလုပ်နည်းများ၊ Butter Cake/ Choclate Cake/ Muffin စသည့် အလှဆင်ကိတ်နှင့် မွေးနေ့ကိတ်ပြုလုပ်နည်းများ၊ Cookies/ Doughnut/ Sweet Dough/ Eclair စသည့် မုန့်မျိုးစုံပြုလုပ်နည်းများနှင့်အတူ Menu Plan ရေးဆွဲနည်းများ၊ Food Safety၊ Quality Management of Kitchen Operation စသည်တို့ကို Chartered Institute of Environmental Health နှင့် Educational Institute of the American Culinary Federation မှ Course Guide Line များနှင့်အညီ စနစ်တကျ သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်သည်။ နိုင်ငံတကာအဆင့် Hotel, Restaurant နှင့် Hospitality လုပ်ငန်းများတွင် Management Level နှင့် ဝင်ရောက်လုပ်ကိုင်မည့်သူများ ကိုယ်ပိုင်ဟိုတယ်၊ Restaurant နှင့် Coffee Shop များ၌ စီမံအုပ်ချုပ်လိုသူများအတွက် ရည်ရွယ်၍ International Hospitality Management Course သင်တန်းအပတ်စဉ်အသစ်နှင့် IELTS Foundation Course နှင့် Preparation Course အပတ်စဉ်အသစ်ကိုလည်းဖေဖော်ဝါရီနောက်ဆုံးပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက် (၂၆၇) အခန်း ၃၀၂ ပြည်လမ်း မြေနီကုန်းစမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၂၃၆၂၃နှင့် ၅၂၃၂၀၀တို့ထံသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပန်းတောင်းမြို့နယ်သို့ ဧရာဝတီမြစ်အတွင်း ရေစုကန်မှ ရေပေးဝေနေမှုကို ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးနေဦး ဇန်နဝါရီ ၉ ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသီဟဖြိုးကျော်တို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

20-2 (07).pmd 1 2/20/2011, 2:34 AM

ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ
တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ရန်ကုန်မြို့ အင်းစိန်မြို့နယ် လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး ဒသမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲမင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းတွင် အဆိုပါ ရုပ်ပွားတော်မြတ်ကြီးတန်ဆောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်သည်။

နာယူ

အစီအစဉ်အရ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏောသနထံမှ တိုင်းမှူး အမှူးပြုသော ဧည့်ပရိသတ်အပေါင်းက ရှစ်ပါးသီလခံယူ ဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူတို့သည် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏောသနထံမှ အနုမောဒနာတရား နာယူကြသည်။

ဆွမ်းဆန်စိမ်းလောင်းလှူ

အခမ်းအနား အပြီးတွင် တိုင်းမှူးနှင့် တာဝန်ရှိသူတို့သည် ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်း လောင်းလှူ ပူဇော်ကြသည်။

ထို့နောက် တိုင်းမှူးသည် တိုင်းစစ်ဌာနချုပ် ခန်းမ၌ ကျင်းပသည့် မျက်စိအထူးကုဆရာဝန်ကြီးများအဖွဲ့က မျက်စိစမ်းသပ်ကုသနေမှုကို ကြည့်ရှုအားပေးပြီး စစ်သည်မိသားစုဝင်များအား မျက်မှန်များ တပ်ဆင်ပေးကာ မျက်စိအထူးကု ဆရာဝန်ကြီးများအား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ဆက်လက်၍ တိုင်းမှူးသည် တပ်မတော်ခန်းမ၌ ကျင်းပသည့် Automobile & Living Products Show ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ တာဝန်ရှိသူတို့နှင့်အတူ ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပစ္စည်းအမျိုးမျိုးတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖဲကြိုးဖြတ် ဖွင့်လှစ်

တိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းသန်းနှင့် တာဝန်ရှိသူများ **Automobile & Living Products Show** ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၂-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **ဖဂ္ဂုနရဟာန်း** တရားတော် (ဆရာတော် ဦးဃောသိတ)
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၂၀)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၃၇)
- ၈:၄၀ Emperor Love Concert (Part-6)
- ၉:၂၀ စာပန်းအိမ်၏ သမိုင်းသစ်
- ၉:၄၀ Sunday Talk [ခင်မောင်ညို (ဘောဂ)၊ မျိုးမြတ်သူ]
- ၁၀:၁၅ မျှော်လင့်ခြင်းခရီးစဉ် ဖြစ်ရပ်မှန် (၁) (ရင်သားကင်ဆာ)
- ၁၀:၃၅ ဗီဒီယိုပြခန်း
- ၁၁:၀၀ အကယ်ရှာမကျေးရွာ (၁၆)ခုတင်ဆံ့ ဆေးရုံအုတ်မြစ်ချမင်္ဂလာ နှင့် ပန္နက်တင်မင်္ဂလာအခမ်းအနား
- ၁၁:၃၅ အဆင့်မြင့်မြင့်သုံးဖို့ရာ Sweety Life Furniture
- ၁၁:၅၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၃၁)
- ၁၂:၁၀ ပီတိလွှမ်းခြုံ အထက(၁) မြင်းခြံရဲ့ အာစရိယဂုဏ်
- ၁၂:၃၅ အဓိဋ္ဌာန်ဒုလ္လဘရဟန်း (၅၀၀) ဥပသမ္ပဒကံဆောင်ပွဲ (အောင်ဆန်းတောရ တပ်ဦးကျောင်းတိုက်)
- ၁:၀၀ **ဖဂ္ဂုနရဟာန်း** တရားတော် (ဆရာတော် ဦးဃောသိတ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ စကားနပန်း **ပူတာကောင်းတယ် အေးတာကောင်းတယ်**
- ၃:၂၀ ဆံသားကျန်းမာရေးကို သဘာဝ ကျကျထိန်းသိမ်းတတ်စေဖို့
- ၃:၃၅ ရန်ကုန်မြင်ကွင်းကျယ် (Lifestyles Expo 2011)
- ၃:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၃၇)
- ၄:၄၀ ကျန်းမာလှပသွယ်လျစေဖို့ SMART GIRL ကိုသွားကြစို့
- ၄:၅၅ FMF Selection
- ၅:၃၀ သွားမယ်စားမယ် (Doreen)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၂၁)
- ၇:၃၅ ရန်ကုန်မြင်ကွင်းကျယ် (ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အနောက်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော (၆၄) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြိုင်ပွဲအခမ်းအနား)
- ၇:၅၀ ရေသန့်ဆိုသည်မှာ…
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ Kid' s Show (ရွှေပြည်နန်း ကလေးသရုပ်ဆောင်ပြိုင်ပွဲ)
- ၉:၁၀ ဟိုတယ်လမ်းညွှန် (Ecotourism ရဲ့ ပန်းတစ်ပွင့်)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၃၈)
- ၁၀:၀၅ **ပန်းချီပြခန်း** (ပန်းချီဝင်းဖေမြင့်ရဲ့ 100 Portraits by WPM ပန်းချီပြပွဲ)
- ၁၀:၂၀ Tallent Show (မွန်ပြည်နယ်ကိုကိုနိုင်)
- ၁၀:၄၅ အလှဆင်စရာပရိဘောဂကမ္ဘာ (Myanmar KBK Group Co., Ltd.)
- ၁၁:၀၀ FA Cup **(Leyton Orient Vs Arsenal)**
- ၁:၀၀ ဟူးကောင်းချိုင့်ဝှမ်းမှ ဆင်သုတေသနလုပ်ငန်း
- ၁:၂၀ ရွှေနန်းဆန်ဆန်ပုဂံဟန်ပန် Aureum Palace အသွင်သဏ္ဌာန်
- ၁:၄၀ Miss Universe 2010
- ၂:၄၀ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ ဗဟုသုတလေ့လာပါ Resource Centre မှာ
- ၂:၅၅ လက်ဖက်ရဲ့အဖော် နှစ်ပြန်ကြော်
- ၃:၀၅ ဖန်ဆင်းရေးခြယ် လက်ရာအသွယ်သွယ်
- ၃:၃၅ မောတို့မြေမှအံ့ဖွယ် ထူးခြားလိုဏ်ဂူများ
- ၄:၂၅ ဆည်မြောင်းရဲ့အားမာန်… ပြိုင်းချောင်းရေလှောင်တမံ
- ၄:၄၀ ဖူးမြော်ကြည်ညိုဖွယ်ရာ စစ်ကိုင်းမြို့မှ တန်ခိုးကြီးစေတီများ
- ၄:၅၀ ထင်ရှားဖူးမြော်ပင်းတယရွှေဥမင် သဘာဝလိုဏ်ဂူတော်
- ၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက် တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၂၄	West Bromwich - Wolverhampton	ESPN (Live)

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈:၂၅	Man City-Notts County	STAR SPORTS(Live)
၉:၂၅	Fulham - Bolton	ESPN (Live)
၁၀:၃၀	Leyton Orient-Arsenal	STAR SPORTS(Live)

ဇန်နဝါရီ ၂၈ ရက်က မိုးညှင်းမြို့နယ် ဖွဲကပင်လမ်းကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်ရာ တာဝန်ခံအင်ဂျင်နီယာဦးဝင်းဦး နှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးဇင်မင်းထွဋ်တို့ ကြီးကြပ်စဉ်။
(မြို့နယ်စည်ပင်)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံ/တက္ကသိုလ်ကျောင်းဆင်းများ ဆရာကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံ/တက္ကသိုလ်ကျောင်းဆင်းများ၏ ပဌမအကြိမ်မြောက် ဆရာကန်တော့ပွဲကို မတ် ၂၉ ရက် ညနေ ၄ နာရီတွင် ဟိုတယ်ရန်ကုန် (Hotel Yangon) ၌ ကျင်းပမည်ဖြစ်ရာ အငြိမ်းစားဆရာ ဆရာမများအား ကန်တော့ရန်အတွက် အပူဇော်ခံဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေထည့်ဝင်လိုပါက ဦးအောင်ကျော်မြ ဖုန်း-၀၁-၅၆၃၆၆၇၊ ဦးဆေးဘို ဖုန်း-၀၉-၅၂၁၂၆၁၂၊ ဒေါ်သန်းသန်းမြင့် ဖုန်း-၀၁-၅၇၈၆၇၂၊ ဦးစိုင်းကျော်လှိုင် ဖုန်း-၀၁-၅၃၇၉၀၃၊ ဒေါ်ခင်မိုးကြိုင် ဖုန်း-၀၉-၅၀၃၃၀၈၃၊ ဦးခင်ထွန်း ဖုန်း-၀၁-၇၃၁၃၈၀၂၃ နှင့် ဦးသန်းနိုင် ဖုန်း-၀၁-၅၅၄၆၅၉ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မီးပို မီးကြွင်း မီးကျန် သတိပြုရန် နှိုးဆော်ချက်

- သင့်ရဲ့အိမ်မှာ မီးဖို မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားတတ်သဖြင့် မီးဖိုများ သုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲ ပြုလုပ်ရန်။
- သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကိုပိတ်၊ ပလပ်ကိုဖြုတ်၊ မိန်းခလုတ် (**Main Switch**)တို့ကို ချထားပြီးမှ အပြင်သို့ ထွက်သွားခြင်းအား သတိထားပြီး အလေ့အကျင့် ပြုလုပ်ပါ။
- မီးဖို မီးကြွင်း မီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင် လူစောင့်မထားဘဲ တစ်အိမ်လုံးအပြင်သို့သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။ မီးသတ်ဦးစီးဌာန

ပြည်ထောင်စုနေ့ အခမ်းအနား နောင်ချို၌ ကျင်းပ

နောင်ချို ဖေဖော်ဝါရီ ၁၉

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို နောင်ချိုမြို့ ပြည်သူ့အားကစားကွင်း၌ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက ကျင်းပရာ အခမ်းအနားတွင် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမင်းထွဋ်က ဖတ်ကြားခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

Automobile & Living Products Show
မြပန်ဝါကုမ္ပဏီပါဝင်ပြသ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

CONQUEST ORGANIZING GROUP က ကြီးမှူး၍ Automobile & Living Products Show ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၁ ရက်အထိ ပြသလျက်ရှိရာ မြပန်ဝါကုမ္ပဏီမှ ပါဝင်ပြသလျက်ရှိသည်။ **(အောက်ပုံ)**

အဆိုပါပြခန်းတွင် စင်ထွာ ဒစ်ဂျစ်တယ် ကတ္တားအမျိုးမျိုးနှင့် မော်တော်ယာဉ် ချိန်တွယ်သည့် ကတ္တားတို့ကို ပြသလျက်ရှိပြီး

ပြပွဲရက်အတွင်း ဝယ်ယူသူများအား Discount ပေး၍ ရောင်းချသွားမည် ဖြစ်သည်။ ဖုန်း-၀၉-၆၅၀၁၇၄၇ နှင့် ၀၉-၅၀၂၁၁၄၄ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ပြီး အိမ်အရောက်ပို့ဆောင်၍ ဝန်ဆောင်မှုပေးမည်ဖြစ်သည်။

ဆက်သွယ်ဝယ်ယူနိုင်

ထို့အပြင် AD ဒစ်ဂျစ်တယ်၊ ကျပ်၊ ပဲ၊ ရွှေ ရွှေချိန်စက်၊ ရွှေရည်စစ်စက်နှင့် Book Drive Scanner တို့ကိုလည်း ပြသထားပြီး ပြပွဲကာလအတွင်း ဝယ်ယူပါက Discount ပေးမည် ဖြစ်သည်။ Book Drive Scanner သည် ရှားပါးစာအုပ်များကို Scan ဖတ်ပြီး စာအုပ်ထုတ်ယူနိုင်အောင် CD ထုတ်ပေးသည့် စက်ဖြစ်သည်။ ဖုန်း-၀၉-၆၅၀၁၇၄၇ နှင့် ၀၉-၅၀၂၁၁၄၄ တို့သို့ဆက်သွယ်ဝယ်ယူနိုင်ပြီး အိမ်အရောက်ပို့ဆောင်၍ ဝန်ဆောင်မှုပေးမည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၁/၂၀၁၁) အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၁/၂၀၁၁) အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၁/၂၀၁၁) အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ဘွဲ့နှင်းသိမ်ဓမ္မာရုံ၌ ကျင်းပသည်။

ဩဝါဒကထာမြွက်ကြား

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဂုဏောသနက အဖွင့်ဩဝါဒကထာ မြွက်ကြားတော်မူသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

တင်ပြလျှောက်ထား

ဆက်လက်၍ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၂/၂၀၁၀) အစည်းအဝေးမှတ်တမ်းကို အတည်ပြုချက်ရယူပြီး နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်က နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၂/၂၀၁၀) နှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကို တင်ပြလျှောက်ထားသည်။

ဆွေးနွေး

ထို့နောက် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုပညာရေးအဖွဲ့၏(၁/၂၀၁၁) အစည်းအဝေးတင်ပြချက်များအပေါ် ဆွေးနွေးဆုံးဖြတ်ကြသည်။

ဆုံးဖြတ်

ယင်းနောက် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့ (ရန်ကုန်၊ မန္တလေး) တို့၏ တင်ပြချက်များအပေါ် ဆွေးနွေးဆုံးဖြတ်ကြပြီး အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြကာ သဘာပတိဆရာတော်က နိဂုံးချုပ်ဩဝါဒကထာ မြွက်ကြားတော်မူသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၀-၂-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
  - ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိ ပါဠိတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇:၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈:၀၀ ၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
- ၈:၁၀ ၇။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၈:၂၅ ၈။ အတီးပြိုင်ပွဲ
- ၈:၄၀ ၉။ International News
- ၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၁၈)
- ၁၂:၃၀ ၅။ **Golf Magazine (TV)**
- ၁၂:၅၀ ၆။ မြန်မာရုပ်ရှင် **ချစ်နှင်းဝေဝေ** စိုးသူ၊ မေသန်းနု၊ ထွန်းအိန္ဒြာဗို (ဒါရိုက်တာ-သက်မောင်မောင်)
- ၁၄:၅၅ ၇။ International News

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၄:၁၅ ၃။ ၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ဘောဂဗေဒဘာသာရပ်)
- ၄:၄၅ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၅၅ ၅။ **ဝါသီးက ရွှေသီးဖြစ်ပြီ**
- ၅:၂၀ ၆။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၀၀ ၇။ ညနေခင်းသတင်း
- ၆:၁၅ ၈။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၉။ ကာတွန်းအစီအစဉ် **ကွမ်တမ်မင်း** (အပိုင်း-၈)
- ၆:၄၀ ၁၀။ တစ်မျက်နှာတစ်ကွက်စာ **အသန့်ကြိုက်** ဇေယျာ၊ဂျူးဂျူးကေ [ဒါရိုက်တာ-မေတင် **(MMG)**]
- ၇:၀၀ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **စမ်းရေပမာ** (အပိုင်း-၂၄)
- ၈:၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ နိုင်ငံတကာသတင်းများ
- ၁၄။ မိုးလေဝသအခြေအနေ
- ၁၅။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၁၀၁)
- ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကွန်ဖူးချစ်သူ** (အပိုင်း-၈)
- ၁၇။ **ရင်လှိုင်းခတ်သံတေးသီဟန်**

သာကေတမြို့နယ် အမှတ်(၁၉) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၉ ရက်က ကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စုစုဝင်းက မြို့နယ်အဆင့် စာစီစာကုံးဒုတိယဆုနှင့် တတိယတန်းဘာသာစုံထူးချွန် ဒုတိယဆုရရှိသူ မရွှန်းနေခြည်ကျော်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

တပို့တွဲ ထမနဲရာသီ

ကော့မှူး-သောင်းရွှေ

"ပေါက်လဲဆူးပန်း၊ ကြိုင်မွှန်းပျံ့လ
ရာသီကုံလ၊ နက္ခတ်မာဃ၊ သာလတပို့တွဲ
လှူမြဲယာဂု၊ နွေရောက်ပသော်"

(နဝဒေး)

စာဆိုတော်နဝဒေးသည် ဆယ့်နှစ်ရာသီဘွဲ့ လူးတားများကို စပ်ဆိုခဲ့ရာတွင် တပို့တွဲလသည် ရာသီအားဖြင့် ကုံရာသီဖြစ်ပြီး ၎င်းလရာသီသို့ရောက်သော် ပေါက်လဲဆူးပန်းများ လှိုင်လှိုင်ပွင့်ကြသည်ဖြစ်၍ ပေါက်လဲရနံ့များ ထုံမွှမ်းသင်းပျံ့နေသောလဖြစ်သည်ဟု ဖွဲ့ဆိုထား၏။

ပေါက်လဲပန်းဆိုသည်မှာ ပေါက်ပန်းနှင့်လဲပန်းကို ဆိုလိုခြင်းဖြစ်သည်။

ပေါက်ပန်းမှာ ပေါက်ပင်မှပွင့်သောပန်းဖြစ်ပြီး၊ အပွင့်မှာ ကျေးငှက်တို့၏ နှုတ်သီးအရောင်ပမာ နီရဲနေ၏။ သို့ဖြစ်၍ ပေါက်ပင်တွင် ကျေးငှက်တို့နားနေပါက ပေါက်ပွင့်နှင့်ကျေးငှက်တို့ ခွဲခြားမရအောင်တူနေပါသည်။

လဲပန်းမှာ လက်ပံပွင့်ပင်မှ ပွင့်သောပန်းဖြစ်၍ လဲပန်းဟုခေါ်ဝေါ်ကြ၏။ လက်ပံ သို့မဟုတ် လဲပင်သည် တပို့တွဲလတွင် နီရဲစွာ အစီအရီပွင့်ကြကုန်၏။ အပွင့်မှာ နီရဲသောအရောင်ရှိပြီး ၎င်း၏ဝတ်ရည်ချို၍ လက်ပံပွင့်လျှင် ကျေးငှက်မျိုးစုံတို့သည် ဝိုင်းအုံ၍ ဝတ်ရည်များကို စုပ်ယူလေ့ရှိ၏။ ထိုအထဲတွင် ဆက်ရက်ငှက်တို့မှာ အဆိုးဆုံး၊ အလွန်ကဲဆုံးဖြစ်သည်။ ထို့ကြောင့် "လက်ပံပင် ဆက်ရက်ကျရောက်သည်"ဟူသော စကား ဖြစ်ပေါ်လာခြင်း ဖြစ်သည်။

ထို့အပြင် တပို့တွဲလသည် ဆောင်းအခါသို့ကျရောက်သည်ဖြစ်၍ တပို့တွဲလတွင် နှင်းများဖြိုင်ဖြိုင်ကျပြီး တပို့တွဲလအခါတွင် နှင်းတောထဲ၌ သွားလာသောသူများသည် နှာများစေးပြီး နှာရည်များကျတတ်၍ "နှာရည်ယိုရှဲ တပို့တွဲ"ဟုလည်း ဆိုစမှတ်ပြုကြ၏။

အထူးသဖြင့် တပို့တွဲလသို့ရောက်လျှင် ဟိုရှေးမဆွကပင် တောင်သူလယ်သမားတို့သည် ရဟန်းသံဃာတော်တို့အား ယာဂုဆွမ်း ဆက်ကပ်လှူဒါန်းလေ့ရှိကြ၏။

ယာဂုဟူသည်မှာ ဆန်ပြုတ်ကိုပင် ယာဂုဟုခေါ်ဆိုခြင်းသာဖြစ်၏။ ဥတုဘောဇနေသင်္ဂဟကျမ်း၌ ပေယျာနှင့် ယာဂုကိုတွဲဖက်ပြီး ဖွင့်ဆိုထား၏။

ဆန်ချိန်၏ဆယ့်လေးဆ ရေထည့်၍ ဆန်လုံးကွဲအောင်ပြုတ်၊ ထမင်းလုံးနှင့်တကွ ပြုတ်၍ရသောအရည်ကို ပေယျာမည်၏။ သောက်ဖွယ်ဟု ဆိုလိုခြင်းဖြစ်သည်။ ပေယျာသည် အလွန်အစာကြေလွယ်၏။ ရေငတ်ခြင်း၊ အဖျား၊ လေနာတို့ကိုနိုင်၏။ ပေယျာတွင် ချင်းမှုန့်၊ သိန္ဓော၊ ငရုတ်ကောင်းတို့ခတ်၍ သောက်ရသည်ဖြစ်၍ လေ၊ ကျင်ကြီးတို့ကို အောက်သို့လည်စေ၏။ အစာမကြေခြင်း၊ ရင်ဘတ်နာခြင်းတို့ကို နိုင်၏။ နှုတ်ကိုမြိန်စေပြီး ဝမ်းချုပ်, လေချုပ်ကိုနိုင်၏။ ဆန်ခြောက်ကို ရေဆေးပြီး ဆန်လုံးအက်ကွဲအောင် ပြုတ်ကြိုလျှင် ယာဂုမည်ပေသည်။ ယာဂုသည် ဝမ်းမီးကိုကြေလွယ်စေ၏။ ရေငတ်ခြင်းကို နိုင်၏။ ဆီးကို ရှင်စေတတ်၏။ ပင်ပန်းနွမ်းနယ်ခြင်းကိုပျောက်၍ လန်းဆန်းစေပြီး အဖျားနာ၊ ဝမ်းပျက်နာတို့ကို ပျောက်စေ၏။

အမှန်စင်စစ် ပေယျာသည် ဆန်ပြုတ်ကျဲကျဲသာဖြစ်ပြီး ယာဂုဆိုသည်မှာ ဆန်ပြုတ်ပျစ်ပျစ်ပင်ဖြစ်၍ နှစ်မျိုးလုံးပင် သောက်ဖွယ်တို့ဖြစ်၍ ယာဂုဟုခေါ်ဆိုကြ၏။ ရဟန်းတော်တို့ ဝေါဟာရဖြင့်ကား ယာဂုဟု ခေါ်ဆိုကြ၏။ ရဟန်းတော်တို့သည် ယာဂုဘုဉ်းပေးရာတွင် အကျိုးငါးပါးခံစားရ၏။

၁။ ဆာခြင်းကိုပျောက်စေ၏။
၂။ ငတ်မွတ်ခြင်းကိုပျောက်စေ၏။
၃။ လေကိုအောက်သို့သက်စေ၏။
၄။ ဆီးအိမ်စည်ပေါင်းကိုသုတ်သင်တတ်၏။
၅။ မကျက်မကြေသေးသော အစာသစ် အကြွင်းအကျန်ကို ကြေစေ၏

ဟူ၍ အင်္ဂုတ္တိုရ်ပါဠိတော်၌ ရှင်မြတ်ဘုရားမှ ဟောကြားတော်မူကြောင်း သိရှိရ၏။

ဆည်သည်ရွာစား ဦးအောင်ကြီးကလည်း ရာသီဖွဲ့လူးတားတွင် သံဃာတော်တို့အား ဆယ်ပါးဝတ္ထု၊ ယာဂုအဖျော်၊ ပူဇော်ရှင်ပြုံး၊ ဖွဲ့မဆုံးလျှင်၊ မီးပုံးသဘင် လှူကြီးရှင်သည်ဟု ယာဂုကို အဖျော်တစ်မျိုးဟု စပ်ဆိုခဲ့သည်။ အဖျော်မှာ သောက်ဖွယ်ပေယျာတည်း။

စင်စစ် ယာဂုကို ဆန်ပြုတ်အဖြစ် ကောက်ယူဖို့ခက်သည်၊ ရာဇဝင်ကြီးအလို ယာဂုကျိုသည်မှာ ထမင်းနဲ့ ထိုးသည်ဟုပင် ဆိုနိုင်ပါသည်။ ထိုစဉ်အခါက အရပ်သူ အရပ်သားတို့သည် ယာဂုကို ထမင်းနယ်၏ အနက်ဖြင့် 'ထမနဲ' ဟုခေါ်ကြပါ၏။ ထမင်းနယ်၊ ထမင်းနဲပင်တည်း။ ထို့ကြောင့် ယာဂုနှင့် ထမနဲ အခေါ်သာကွဲသည် လွန်စွာတူသည်ဟု ပုံဆောင်ကြခြင်းဖြစ်သည်။

ယာဂုကျိုပွဲ သို့မဟုတ် ထမနဲပွဲကို ဘယ်အချိန်အခါက စတင်ဖြစ်ပေါ်လာသနည်း။ ဤအစဉ်အလာ၏ ရင်းမြစ်ကို ဆန်းစစ်ရန်မလွယ်လှပါ။ စာနှင့်ပေနှင့် သမိုင်းတင်ထားခြင်းမရှိ၍ အတိအကျပြောမရနိုင်ပါ။

ဆရာကြီးဦးသော်ဇင်ရေးသားခဲ့သော ဆောင်းပါးတစ်ပုဒ်တွင် ၎င်း၏ ဖခင်ရွတ်ဆိုပြလေ့ရှိသော ထမနဲထိုးနည်းတေးထပ်ကို အောက်ပါအတိုင်း ဖတ်ရှုမှတ်သား လေ့လာသိရှိရပါသည်-

ကုံရာသီမာသ
သဘာဝရှင်စွာ
ထာဝစဉ်အလာ
များသူငါ ခြိမ့်သဲ၊
ညာဇမ္ဗူသာစုခေါ်ဆောင်
ယာဂုတော်ကျိုဆောင်သည့်ပွဲ။
စားတော်ရဆန်ပေါက်ဝါ
လေးပြည်သာထည့်မြဲ
ချိန်ပိဿာလျှမ်းကြည်ရွှဲအောင်လို့
နှမ်းဆီလဲထည့်ပြန်၊
မြေပဲဆန်အဋ္ဌသုညငယ်နှင့်
ဒွတ္တိညတိလဗိဇ်။
အုန်းသီးစိတ်ကျပ်ဝီဆံငယ်
လောဏတံ ချိန်သတ်နှင့်
ချင်းနဖပ် သိင်္ဂီမျှင်ရွှေ၊
သုံးကျပ်မသွေ
နည်းစဉ်ဆက်သမုဆွေရယ်
ဥပဒေမော်ကွန်းပလေး။ ။

ဟူ၍ဖြစ်ပါသည်။

ကုံရာသီမာသဆိုသည်မှာ တပို့တွဲလဖြစ်သည်။ ထို့ကြောင့် ရှေးပညာရှိတို့က "ကုံဟေမန်ငယ်၊ မာသာယှဉ်ကွဲမို့"စသည်ဖြင့် စပ်ဆိုခြင်းဖြစ်၏။ စားတော်ရဆန်ပေါက်ဝါဟူသည်မှာ ကောက်ညှင်းဆန်တစ်မျိုး၏ အမည်ပင်ဖြစ်၏။ မင်းစိုးရာဇာတို့အတွက် စားတော်ဆက်ရသော ကောက်ညှင်းဆန်ဖြစ်၏။ လေးပြည်သာထည့်မြဲဟူသည်မှာ တစ်ခါထိုး တစ်အိုးစာအတွက် ကောက်ညှင်းဆန် လေးပြည်ထည့်ရမည်ဖြစ်၏။ တစ်ဒယ်စာပင်တည်း။ ချိန်ပိဿာလျှမ်းကြည်ရွှဲအောင်လို့၊ နှမ်းဆီလဲထည့်ပြန်ဟူသည်မှာ ထိုတစ်ဒယ်စာ ဆန်လေးပြည်ထိုးရာတွင် ပဲဆီတစ်ပိဿာထည့်ရမည် ဟုလို။ မြေပဲဆန်အဋ္ဌသုညငယ်နှင့် ဟူသည်မှာ မြေပဲရှစ်ဆယ်သား ထည့်ရမည်ဟုလို။ အဋ္ဌသုညဟူသည်မှာ အဋ္ဌရှစ်နှင့် သုည=(၈၀) = ရှစ်ဆယ်ဟု ဆိုလို၏။ ဒွတ္တိညတိလဗိဇ် ဟူသည်မှာ နှမ်း ၃၂ ကျပ်သားဟုလို (ဒွတ္တိ ည= ၃၂။ တိလဗိဇ်= နှမ်း)။ အုန်းသီးစိတ် ကျပ်ဝီဆံငယ်ဟူသည်မှာ အုန်းသီးစိတ် ၂၀ ကျပ်သားဖြစ်၏။ (ပိဿာ = ၂၀) လောဏတံချိန်သတ်နှင့် ဟူသည်မှာ ဆား ၇ ကျပ်သား ဟုလို (လောဏတ=ဆား၊ သတ်=သတ္တ=၇)။ ချင်းနဖပ်သိင်္ဂီမျှင်ရွှေ ဟူသည်မှာ ချင်းသုံးကျပ်သားထည့်ရမည်ကိုဆိုလိုပါ၏။

၎င်းတေးထပ်ကို မည်သူမည်ဝါက ရေးစပ်ခဲ့သည်ဟူ၍ကား မပြောနိုင်သော်လည်း လူကြီးမိဘ ဆရာသမားများထံမှ တစ်ဆင့်စကား တစ်ဆင့်ကြား၍ မှတ်သားထားကြခြင်းသာဖြစ်ဖွယ်ရှိ၏။

မည်သို့ပင်ဖြစ်စေ၊ ယင်းတေးထပ်သည် တပို့တွဲလရာသီသို့ ရောက်သည့်အခါတိုင်း မြန်မာ့ရိုးရာအစဉ်အလာမပျက် ထမနဲထိုးလိုကြသူများအတွက် လွန်စွာအသုံးဝင်လှပေသည်။

သို့ဖြစ်၍ အလွယ်တကူမှတ်သားနိုင်ကြစေရန် အောက်ပါအတိုင်း စကားပြေပြန်၍ တင်ပြလိုက်ရပေသည်။

(၁)	ကောက်ညှင်းဆန်	၄	ပြည်
(၂)	နှမ်းဆီ	၁	ပိဿာ
(၃)	မြေပဲဆန်	၈၀	ကျပ်သား
(၄)	နှမ်း	၃၂	ကျပ်သား
(၅)	အုန်းသီးစိတ်	၂၀	ကျပ်သား
(၆)	ဆား	၇	ကျပ်သား
(၇)	ချင်း	၃	ကျပ်သား

တို့ဖြစ်သည်။

သို့ဖြစ်၍ တပို့တွဲလ ထမနဲပွဲရာသီပြုလုပ်သော အလေ့အထရှိသော မြန်မာတို့သည် ဘုန်းကြီးကျောင်းများ၊ ဘုရားကျောင်းကန်များ၊ နေအိမ်များ၊ ရပ်ကွက်၊ ကျေးရွာများတွင် ထမနဲထိုး၍ လှူဒါန်းဝေငှကြသော ဓလေ့ထုံးစံတစ်ခုဖြစ်၍ မြန်မာတို့အတွက် တပို့တွဲလထမနဲရာသီတွင် ရိုးရာဖြစ်သော ထမနဲကို ထိုးလိုပါက ၎င်းနည်းလမ်းအတိုင်း ထမနဲထိုးနိုင်ကြပြီး အရသာပိုမို ထူးကဲလိုပါက သစ်ကျားသီး၊ သီဟိုဠ်စေ့၊ မြေပဲ စသည်တို့ကို လိုအပ်သလို ထည့်သွင်းနိုင်ကြ၏။

ထို့ကြောင့် တပို့တွဲ ထမနဲရာသီတွင် မြန်မာ့ရိုးရာအစဉ်အလာတစ်ရပ်ဖြစ်သော ထမနဲထိုး၍ လှူဒါန်းဝေငှရန်၊ အလှူဒါနပြုလုပ်လိုသူများအတွက် လေ့လာမှတ်သား၍ တပို့တွဲလ ထမနဲရာသီအကြောင်းကို ရှာဖွေတင်ပြလိုက်ရပေသည်။ ။

■ *ကျောဖုံးမှ*

ဟိုတယ်နှင့် တည်းခိုခန်းပိုင်ရှင်များ၊ မန်နေဂျာများ၊ ဒေသခံဆိုင်ပိုင်ရှင်များအပြင် ချောင်းသာသို့ ပြေးဆွဲပေးနေသော ယာဉ်လိုင်းများမှ တာဝန်ရှိသူများဖြင့် စုံလင်လှသည်။ တတိယအကြိမ် စုံညီအစည်းအဝေးဖြစ်ကြောင်း သိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီထွေးက ပထမအကြိမ် ကမ်းခြေပွဲတော် စည်ကားစွာ ကျင်းပနိုင်ရေး ဝိုင်းဝန်းကူညီကြရန် မေတ္တာရပ်ခံချက်အပေါ် ဒေသခံတို့က ပူးပေါင်းဆောင်ရွက်မှုဖြင့် ဝမ်းပန်းတသာ ကြိုဆိုကြသည်။ ပါဝင်ဆွေးနွေး အကြံပြုကြသည်။ ဒေသ၏စည်းလုံးညီညွတ်မှု ပြယုဂ်တစ်ခုကို မျက်ဝါးထင်ထင် မြင်တွေ့ရခြင်းဖြစ်သည်။

“ပွဲတော်ကို ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပသွားမှာပါ” ဦးညီညီအောင် အတွင်းရေးမှူး ပွဲတော်ကျင်းပရေးကော်မတီ။

ပို့ဆောင်ပေး

အစည်းအဝေးတွင် ဟိုတယ်နှင့် တည်းခိုခန်းများ၊ စားသောက်ဆိုင်များက ဧည့်သည်များအပေါ် ၁၀ ရာခိုင်နှုန်းလျှော့ချပေးခြင်းဖြင့်လည်းကောင်း၊ ကမ်းခြေပို့ဆောင်ရေးယာဉ်လိုင်းများက ဈေးမတက်ဘဲမူလဈေးဖြင့် ပို့ဆောင်ပေးခြင်းဖြင့် ပွဲတော်ကို ပူးပေါင်းကူညီကြမည် ဖြစ်ကြောင်း ဝမ်းသာဖွယ် ကြားသိခဲ့ရသည်။

အစည်းအဝေးအပြီးတွင် ပွဲတော်ကျင်းပရေးကော်မတီမှ တာဝန်ရှိသူများနှင့် သီးခြား တွေ့ဆုံခဲ့သည်။

ကော်မတီအတွင်းရေးမှူး ဦးညီညီအောင်က “ပွဲတော်ကို ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပသွားမှာပါ။ ဒေသဖွံ့ဖြိုးစည်ကားရေးအတွက်ကိုရည်ရွယ်ပြီး လုပ်တဲ့ပွဲပါ။ ဒေသက တာဝန်ရှိသူတွေ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတွေ၊ ဒေသခံပြည်သူတွေအားလုံး လက်တွဲညီညီနဲ့ ဆောင်ရွက်တာမို့ ဒေသမှာ အထူးခြားဆုံးနဲ့ အစည်ကားဆုံးပွဲတစ်ပွဲ ဖြစ်လာမှာပါ။ ဒါ့အပြင် အဝေးကလာတဲ့ ဧည့်သည်တွေအတွက် ကမ်းခြေဝန်းကျင်မှာ လှေ့လာစရာ အသစ်တွေလည်း အပြည့်ရှိနေပါပြီ” ဟု ရှင်းပြသည်။ ကော်မတီဝင်များနှင့်အတူ ကမ်းခြေတစ်လျှောက် လျှောက်လှမ်းလာခဲ့ကြသည်။ ကြီးမားသော စင်မြင့်ရှေ့တွင် တည်ဆောက်ရေးတာဝန်ခံ ဦးစံရင်က “စတိတ်ရှိုးနဲ့ အငြိမ့်အတွက် စင်ဆောက်နေတာပါ။ ဒေသခံတွေအတွက် အရောင်းဆိုင်ခန်းတွေလည်း ဆောက်ရဦးမယ်” ဟု ပြောပြသည်။ ရှေ့မလှမ်းမကမ်းတွင် မြင့်မြင့်မားမား မုခ်ဦးတစ်ခုကို မြင်တွေ့လိုက်ရသည်။ မုခ်ဦး တစ်ဖက်တစ်ချက်တွင် ကမ်းခြေ၏ သင်္ကေတအဖြစ် ပုံဖော်ထားသည့် အုန်းပင်နှစ်ပင်က တကယ့်အုန်းပင်အစစ်လား ထင်မှတ်မှားစရာ။ ပင်လယ်လေ တဖျပ်ဖျပ်အတိုက်တွင် အုန်းလက်တို့က တလွန့်လွန့် လှုပ်ရှားနေသည့်နှယ်။

ပျော်ပွဲရွှင်ပွဲ တာဝန်ခံ ဦးလှိုင်မွန်က “ပွဲတော်ရဲ့ပထမနေ့ ညနေပိုင်းမှာ ဟိုတယ်အလိုက် စတုဒိသာကျွေးမွေးကြပြီး ညပိုင်းမှာ ယိမ်းပြိုင်ပွဲတွေကို ကြည့်ရမှာပါ။ ဒုတိယနေ့မှာတော့ The Trees Band တီးဝိုင်းနဲ့ အဆိုတော် ချစ်ကောင်း၊ စိုင်းစိုင်းခမ်းလှိုင်၊ ရဲလေး၊ ကောင်းမြတ်၊ L ဆိုင်းဇီ၊ ဝိုင်းစုခိုင်သိန်း၊ ချမ်းချမ်း၊ အေသင်ချို ဆွေတို့အပြင် K မီကိုအဖွဲ့က တင်ဆက်သွားမှာပါ။ ၂၇ ရက်မှာ Five Star အငြိမ့်နဲ့ စခန်းသိမ်းဖို့ စီစဉ်ထားပါတယ်” ဟု စီစဉ်ထားမှုများကို ရှင်းပြသည်။

အစည်ကားဆုံး

ဆိုင်ခန်းရောင်းချရေး တာဝန်ခံ ဦးညွှန့်ဝင်းအောင်က ဆိုင်ခန်းပေါင်း ၅၀မှာ ရေလုပ်ငန်းပြကွက်၊ ဒေသထွက်ကုန်ပြကွက်၊ ကုမ္ပဏီများနဲ့ အရောင်းဆိုင်ခန်းတွေ ပါဝင်ပါတယ်။

“နာမည်ကြီးအဆိုတော်တွေ၊ အငြိမ့်အဖွဲ့တွေနဲ့ ဖျော်ဖြေသွားမှာပါ” ဦးလှိုင်မွန် ပျော်ပွဲရွှင်ပွဲဆပ်ကော်မတီ။

နောက်တစ်ခု ထူးခြားတာက ဒေသခံတွေရဲ့ လှုပ်ရှားမှုတစ်ရပ်အဖြစ် သဲသောင်ပြင် ဘော်လီဘောပြိုင်ပွဲ၊ ဓာတ်ပုံရိုက်ပြိုင်ပွဲအပြင် မြန်မာနိုင်ငံဓာတ်ပုံအသင်းက ဓာတ်ပုံပညာရှင်တွေ၊ နိုင်ငံခြားသား ဓာတ်ပုံပညာရှင်တွေကကမ်းခြေအလှကိုအပြိုင်အဆိုင်ဖော်ကျူးတဲ့ ဓာတ်ပုံရိုက်ပြိုင်ပွဲလည်း ပါပါတယ်။ ဆုကြေးတွေကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမှာမို့ တိုင်းဒေသကြီးအတွင်းမှာ အစည်ကားဆုံး ပွဲကြီးတစ်ပွဲဖြစ်လာမှာပါ” ဟု တက်ကြွစွာ ရှင်းပြသည်။

နေဝင် ဆည်းဆာအလှနှင့် ချောင်းသာကမ်းခြေ။

အသစ်တည်ဆောက်

ချောင်းသာမှာ မူလကတည်းကပင် သဘာဝနှင့်အလှ ပေါင်းစပ်ထားသည့် ချစ်စရာကမ်းခြေတစ်ခု ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်ကတည်းက ဥတိုချောင်းဖျား၌ အိမ်ခြေ ၃၀ခန့်ဖြင့် စတင်အခြေချခဲ့သော ရွာလေးတစ်ရွာဖြစ်သည်။ နောက်ပိုင်း မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း(ချောင်းသာဇုန်)က “ချောင်းသာ” ဟုအမည်ကင်ပွန်းတပ်ခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် ဟိုတယ်အနည်းငယ်ဖြင့် စခဲ့ကြသည်။ ယခုအခါ ဟိုတယ်ပေါင်း ၁၅ လုံးနှင့် ကားလမ်းတစ်လျှောက် တည်းခိုခန်းများ၊ စားသောက်တန်းများ၊ အမှတ်တရအရောင်းဆိုင်များအပြင် ယမန်နှစ်ကအသစ်တည်ဆောက်ဖွင့်လှစ်ခဲ့သည့် ရွှေသာယာမြို့မဈေးကြီးတို့ဖြင့်ဒေသခံတို့မှာ စီးပွားအခွင့်အလမ်းများ ပွင့်လန်းလျက်ရှိနေသည်။

ရပ်ဝေးမှလာသည့် ဧည့်သည်များအဖို့မှာ ယခင်ကလို အပန်းဖြေအနားယူ သက်သက်သာမဟုတ် ဒေသအဝန်းဖွံ့ဖြိုးမှုကြောင့် ဝန်းကျင်အတွင်း လေ့လာစရာတို့လည်း များပြားစွာ ရှိနေသည်။

သဲဖြူကျွန်း

ချောင်းသာ ကမ်းခြေမှသည် အလှမ်းမဝေးလှသော သဲဖြူကျွန်း၏ သာယာလှပမှု ဖိုးကုလားကျွန်း(ခေါ်) အောင်မင်္ဂလာကျွန်းသို့ သွားရောက်ပြီး ဒေသခံတို့၏ မိရိုးဖလာ ငါးဖမ်း၊ ငါးခြဲ၊ ငါးခြောက်လုပ်ငန်း၊ အုန်းသီးပုံဖော်လုပ်ငန်း၊ တံမြက်စည်းလုပ်ငန်းများကိုလည်း အနီးကပ်လေ့လာနိုင်ပေသည်။

ထို့အပြင် တစ်ဖက်တစ်ချက်လက်ယှက်မိုးနေသော အုန်းပင်များကြားမှအသစ်ခင်းထားသော လမ်းမှသည် “လွမ်းသူ့ပုံပြင်” အဖြစ်ကြားနာသိမြင်နိုင်မည့် ကျောက်မောင်နှမကမ်းခြေကလည်း တစ်မျိုးစိတ်ဝင်စားဖွယ်အဖြစ်တည်ရှိနေသည်။

တစ်ဖန် သိပ်မဝေးလှသည့် ရွှေသောင်ယံကမ်းခြေအသစ်သို့လည်း ခရီးဆက်နိုင်သည်။ လမ်းတစ်လျှောက် မခုတ်မလှဲ မူလအတိုင်း ကြီးမားသောသစ်ပင်ကြီးများအလယ် ရှားပါးလှသော ဇီဝဗိုးငှက်နှင့် ကျေးငှက်သာရကာတို့၏ ဘာသာဘာဝအော် မြည်သံတို့မှာလည်း မြို့ပြမှလာသူတို့နားဝယ် ဆန်းသစ်နေပေလိမ့်မည်။

သို့အတွက် ချောင်းသာကမ်းခြေမှာအပန်းလည်းပြေ ဗဟုသုတလည်းရစေမည့်အပြင် ယခုကဲ့သို့ပျော်ရွှင်စရာအစီအစဉ်များနှင့်လည်းကြုံကြိုက်နေသည့်အခိုက်၊ အခါလည်းသင့် အခွင့်လည်းသာချိန်တွင် အရောက်သွားသင့်သော အပန်းဖြေစရာကမ်းခြေသာ တစ်ခုဖြစ်ပါကြောင်းတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ချောင်းသာသို့အဝင် ဥတိုတံတားကြီးကလည်း ဖြောင့်ဖြောင့်ဖြူးဖြူး။

အမြို့မြို့အနယ်နယ်၌ လမ်း၊ တံတားများဖွင့်

တောင်ကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကံပိုင်ရပ်ကွက် မာလာမြိုင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၈ ရက်က ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်ဆင့်၊ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် အမှုဆောင်အရာရှိ ဦးလှဖော်ဇံတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

လောင်းလုံးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က (ဃ)ရပ်ကွက် မြို့ပတ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး၊ မြို့နယ်ဥက္ကဋ္ဌ ဦးစိန်လှနှင့် (ဃ)ရပ်ကွက် ဥက္ကဋ္ဌ ဦးသိန်းကြည်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အရှည်ပေ ၅၅၀၊ အကျယ် ၁၂ ပေရှိ ပင်လုံလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက်က အဆိုပါလမ်းသစ်မုခ်ဦးရှေ့၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးအောင်ကျော်မိုး၊ မြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းစံဝင်းနှင့် အမှုဆောင်အရာရှိ ဦးအောင်စည်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ပျော်ဘွယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က လင့်စင်ကုန်း-စပါယ်ကုန်း-သိမ်ကုန်း-မဲကုန်း-ရွာသစ် ကျေးရွာချင်းဆက်လမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ ရက်က ကျင်းပရာ နယ်မြေခံတပ်နယ်မှူး၊ ရမည်းသင်းခရိုင် ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ဝါးခယ်မမြို့နယ်၌ အလျားပေ ၉၀၊ အကျယ် ခုနစ်ပေ၊ အမြင့် ၁၅ ပေရှိ မြို့ချောင်းလေးတံတားဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က အဆိုပါမုခ်ဦး၌ ကျင်းပရာ ဝါးခယ်မမြို့နယ် ဥက္ကဋ္ဌ ဦးစိုးထွန်း၊ မြို့ချောင်းလေးကျေးရွာဥက္ကဋ္ဌ ဦးဟန်ဋ္ဌေးဝင်းနှင့် မြို့မိမြို့ဖဦးရဲဝင်းနိုင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။(မြို့နယ် ပြန်/ဆက်)

လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေး တာချီလိတ်၌ ဆင့်ပွားသင်တန်းဖွင့်

တာချီလိတ် ဖေဖော်ဝါရီ ၁၉

တာချီလိတ်မြို့နယ်၌ မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာ(ဆင့်ပွား)သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီက ခရိုင်မြေစာရင်း ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးမြင့်ဦးက သင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်နှင့်လုပ်ငန်းဆောင်ရွက်ရမည့် အစီအစဉ်များကို ပြောကြားသည်။

ယင်းနောက် မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးရဲရင့်ထွန်းနှင့် လက်ထောက်ဦးစီးမှူး ဦးရွှေတိုးတို့က လယ်ယာသန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ မေးခွန်းလွှာပုံစံများနှင့် မေးမြန်းကောက်ယူရေးသွင်းနည်းများကိုရှင်းလင်းပြောကြားသည်။ ယင်းသင်တန်းကို တာချီလိတ်မြို့နယ် တာလေမြို့နှင့် ကျိုင်းလပ်မြို့များမှ မြေစာရင်းဝန်ထမ်း၁၉ဦးတက်ရောက်ကြပြီးသင်တန်းကို ဖေဖော်ဝါရီ ၇ရက်အထိ ပို့ချခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

မိုးကောင်း၌ အမက ကျောင်းဆောင်သစ်ဖွင့်

မိုးကောင်း ဖေဖော်ဝါရီ ၁၉

မိုးကောင်းမြို့နယ် ကညင်မြိုင်ကျေးရွာ အမှတ်(၁) အခြေခံပညာ မူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂၂ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းရှေ့မုခ်ဦး၌ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်စန်းမြင့်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်အိအိရွှေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဒေါ်စန်းမြင့်က အမှာစကားပြောကြားပြီး အလှူရှင်ကိုယ်စား ကျေးရွာကျောင်းအကျိုးတော်ဆောင်ဦးညွှန့်ဆွေက ကျောင်းဆောင်သစ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ တစ်ထပ်အဆောက်အအုံဖြစ်ပြီးအလျား ပေ၁၂၀၊ အနံ ပေ၃၀၊ အမြင့်၁၂ပေ ရှိကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လှိုင်လင်၌ ဟောပြော

လှိုင်လင် ဖေဖော်ဝါရီ ၁၉

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(လှိုင်လင်)၏ စီစဉ်မှုဖြင့် ဖေဖော်ဝါရီ၈ရက်နှင့် ၁၀ရက် မွန်းလွဲ ၁ နာရီက ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)နှင့်နည်းပညာတက္ကသိုလ်(ပင်လုံ)တို့၌ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကျင်းပရာ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲနိုင် **(အပေါ်ပုံ)**၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးစိုးဝင်း၊ ကညန ဒုတိယဦးစီးမှူး ဒေါ်နန်းမိုးမိုးသန်းနှင့် စစ်ဆေးရေးမှူး ဦးဇော်ကိုကိုဖေတို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားခဲ့ပြီး ယာဉ်ထိန်းရဲတပ်ကြပ်ကြီးကျော်အေးက ပြစ်မှုနှင့်ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားခဲ့သည်။

(ကညန)

နောင်ချိုမြို့နယ် မန္တလေး-လားရှိုးလမ်းမှ နောင်သခေါကျေးလက်မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၄ ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရဲထွန်းတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

အထက(၄)ပုသိမ် မြတ်ဆရာပူဇော်မည်

ပုသိမ် ဖေဖော်ဝါရီ ၁၉

ပုသိမ်မြို့ မင်းကြီးလမ်း အမှတ်(၄) အထက (ယခင်ပိုးကရင်ကျောင်း)တွင် ၁၉၆၂-၁၉၉၁ ကျောင်းသားကျောင်းသူဟောင်းများ၏ပထမအကြိမ်မြတ်ဆရာပူဇော်ပွဲကို မတ် ၂၆ရက်(စနေနေ့)တွင် အဆိုပါကျောင်း၌ကျင်းပမည်ဖြစ်ရာ ပုသိမ်မြို့ မြေနုလမ်းနေ ဒေါက်တာမောင်မောင်သန်း၊ ဒေါက်တာအေးအေးမြင့် (သွားနှင့်ခံတွင်း အထူးကုဆေးခန်း)မိသားစုက ငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

အာစရိယပူဇော်ပွဲအတွက် ဆက်သွယ်လှူဒါန်းလိုသူများသည် ဒေါ်စန်းမြင့်(ကျောင်းအုပ်-PEC)ဖုန်း-၀၄၂-၂၅၁၀၀၊ ၀၄၂-၂၅၂၆၂၊ ဒေါက်တာမောင်မောင်သန်း (သွားနှင့်ခံတွင်း အထူးကု) ဖုန်း-၀၉-၅၂၀၃၂၅၁၊ ဦးကျင်ဆိုင် (သစ်ဆန်းပရိဘောဂ) ဖုန်း-၀၉-၈၅၈၃၆၁၁၊ ဒေါ်ခင်သန်းမြင့် (ဟိုင်ဟင်းရွှေဆိုင်-ရန်ကုန်) ဖုန်း-၀၁-၃၈၇၉၅၃၊ ဦးထွန်းဟန်(ခ)ဂျော်နီ (တိုင်းသမအသင်းစု) ဖုန်း-၀၉-၅၂၀၂၁၇၉၊ ဦးအောင်ကြိုင် (နေရှင်နယ် မျက်မှန်ဆိုင်) ဖုန်း-၀၄၂-၂၄၅၆၃၊ ဦးထွန်းမြင့် (အထွေထွေရောင်းဝယ်ရေး) ဖုန်း-၀၄၂-၂၁၅၅၁၊ ဦးရဲမြင့်(ငွေသောင်ယံဆားစက်) ဖုန်း-၀၉-၅၂၀၂၀၉၄ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(၀၇၇)

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး သထုံမြို့၌ သင်တန်းဖွင့်

သထုံ ဖေဖော်ဝါရီ ၁၉

မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းမြို့နယ်အဆင့်သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂ရက် နံနက်၈နာရီခွဲက မွန်ပြည်နယ် သထုံမြို့နယ် မြေစာရင်းဦးစီးဌာန၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးအေးနိုင်၊သထုံခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးဇော်ဝင်းတို့က အမှာစကားပြောကြားကြပြီး သထုံမြို့နယ် မြေစာရင်း ဦးစီးဌာနမှူး ဦးချွန်လှိုင်ဝင်းက လယ်ယာသန်းခေါင်စာရင်းကောက်ယူမည့်လုပ်ငန်းအစီအစဉ်များကိုအသေးစိတ်ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းသို့ သထုံမြို့နယ်အတွင်းရှိ မြေစာရင်းဦးစီးဌာနသင်တန်းသား ၃၀ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

(၀၁၄)

မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက် စက်မှုဇုန် အမှတ်(၃၁)အခြေခံပညာမူလတန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပရာ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော မောင်ဇွဲသက်ပိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းဝေ ဆုချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

ရှင်းလင်းပြသ

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ရေစက်ရုံ၊ရေကန်များတွင် မီးသတ်ဂိတ်ဘားများဆောင်ရွက်ထားရှိမှုနှင့် ရပ်ကွက်အလိုက် ရေပေးဝေမှုကို ဖေဖော်ဝါရီ ၇ရက်က ပခုက္ကူခရိုင်ဥက္ကဋ္ဌ ဦးလွင်ကိုဦး ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးသန်း၊ အင်ဂျင်နီယာမှူး ဦးဇော်မျိုးထွေးနှင့် လက်ထောက် အင်ဂျင်နီယာ ဦးဇော်လင်းနိုင်တို့ ရှင်းလင်းပြသစဉ်။

(၀၇၀)

မြို့သစ်မြို့နယ်အသင်း သက်ကြီးပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မြို့သစ်မြို့နယ်အသင်း(ရန်ကုန်)၏ (၇)ကြိမ်မြောက် သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲကိုကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၂၈ ရက် နောက်ဆုံးထား၍ အသက် ၈၀ နှင့် အသက် ၈၀ ပြည့်ပြီးသူ အသင်းဝင်နှင့်ဇနီး၊ ခင်ပွန်းနှင့်နှစ်ဖက်မိဘများ၊ ပညာရည်ချွန်ဆုပေးပွဲအတွက်၂၀၀၉-၂၀၁၀ပညာသင်နှစ်တွင်တက္ကသိုလ်ဝင်စာမေးပွဲ၌ဂုဏ်ထူးနှင့်အောင်မြင်ပြီးခဲ့ကြသည့် အသင်းဝင်များ၏ သားသမီးများနှင့် လှူဒါန်းလိုသူများသည်အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ဝင်း ဖုန်း-၆၉၅၆၄၂၊ အလုပ်အမှုဆောင်များဖြစ်ကြသော ဦးသာအောင် ဖုန်း-၆၄၁၆၇၉၊ ဦးတင်အောင် ဖုန်း-၅၆၁၇၇၁၊ ဦးမောင်ငြိမ်း ဖုန်း-၇၃၀-၄၀၀၄၉၊ ဦးမောင်လှ ဖုန်း-၅၃၇၃၅၄ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ဖွံ့ဖြိုးမှုပညာ မဟာဘွဲ့သင်တန်း မိသားစုတွေ့ဆုံပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်စီးပွားရေးတက္ကသိုလ် ဘောဂဗေဒဌာန ဖွံ့ဖြိုးမှုပညာ မဟာဘွဲ့သင်တန်း (M.DevS) မိသားစု၏ ပထမအကြိမ် စုံညီမိတ်ဆုံညစာစားပွဲကို မတ်၁၂ရက် (စနေနေ့) ညနေ ၆ နာရီတွင် Park Royal Hotel၌ ကျင်းပမည်ဖြစ်ရာ မပျက်မကွက် တက်ရောက်ကြရန်နှင့် ဒေါ်နန်းညွန့်မေ ဖုန်း-၀၉-၄၉၇၇၇၆၀၂၊ ဒေါ်နီလာဝင်း ဖုန်း-၀၉-၅၀၀၃၇၀၆၊ ဦးအောင်မြင်ထွန်း ဖုန်း-၀၉-၅၁၅၈၃၂၁၊ ဒေါ်ခိုင်သီထွန်း ဖုန်း-၀၉-၅၁၀၁၄၅၃၊ ဒေါ်ထက်မြတ်ကို ဖုန်း-၀၉-၅၁၀၄၈၆၄၊ ဒေါ်စံပယ်လွင် ဖုန်း-၀၉-၅၁၆၀၈၁၁၊ ဒေါက်တာအေးမြတ်လွင် ဖုန်း-၀၉-၅၁၁၅၇၈၉၊ ဦးသီဟထွန်း ဖုန်း-၀၉-၅၀၁၁၀၃၈၊ ကိုထွန်းဇော်မိုးဟန် ဖုန်း-၀၉-၅၀၃၉၁၁၈၊ ကိုတင်ကိုဦး ဖုန်း-၀၆၇-၄၁၉၀၁၆၊ မအေးမြတ်လှိုင် ဖုန်း-၀၁-၅၃၁၀၄၇၊ ကိုရဲသူအောင် ဖုန်း-၀၁-၇၃၀၇၆၆၃၄၊ ကိုညီညီမောင် ဖုန်း-၀၉-၈၆၃၀၈၄၉၊ မအိမ္မွန်သင်း ဖုန်း-၀၁-၇၃၁၂၅၆၃၄နှင့် ကိုအောင်ထွန်း ဖုန်း-၀၉-၅၁၄၅၉၇၀ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

နိုင်ငံတကာအားကစား

နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား

မောင်မောင်မြင့်ဆွေ ရေးသားသည်

ကမ္ဘာ့ဝင်ငွေအကောင်းဆုံးဘောလုံးအသင်း ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာထိပ်ဆုံးမှာရှိ

မက်ဒရစ် ဖေဖော်ဝါရီ ၁၉

စပိန်လာလီဂါကလပ်များဖြစ်ကြသည့် ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာတို့သည် ပြီးခဲ့သော ၂၀၁၀ ခုနှစ် ဘောလုံးရာသီအတွင်း ကမ္ဘာ့ဝင်ငွေအကောင်းဆုံး ဘောလုံးအသင်းများဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၈ ရက်၌ ဒီလွိုက်တေး ဘဏ်စာရင်းဇယားများက ဖော်ပြသည်။

အကောင်းဆုံး

ရီးရဲမက်ဒရစ်အသင်းသည် ခြောက်နှစ်ဆက်တိုက် ကမ္ဘာတွင် ဝင်ငွေအကောင်းဆုံး ဘောလုံးအသင်းဖြစ်ခဲ့ပြီး ၂၀၁၀ ခုနှစ်အတွင်း ဝင်ငွေ ယူရို ၄၃၈ ဒသမ ၆ သန်း (အမေရိကန်ဒေါ်လာ ၅၉၇ သန်း) ရှိခဲ့သည်။ ဤအတောအတွင်း ဘာစီလိုနာက ဒုတိယဝင်ငွေအကောင်းဆုံးအသင်းဖြစ်ခဲ့ပြီး ယူရို ၃၉၈ ဒသမ ၁ သန်း (အမေရိကန်ဒေါ်လာ ၅၄၂ သန်း)ရှိခဲ့သည်။

ဖြစ်လာနိုင်

သို့ရာတွင် ဘာစီလိုနာအသင်းသည် ကာတာဖောင်ဒေးရှင်းနှင့် စပွန်ဆာရရှိထားမှု၊ ကမ္ဘာကျော်ဘောလုံးသမားများဖြစ်ကြသည့် အင်နီယေစတာ၊ ဇာဗီနှင့် မက်ဆီတို့ ပါဝင်မှုတို့ကြောင့် ကြော်ငြာအားကောင်းနေသဖြင့် လာမည့်နှစ်တွင် ရီးရဲမက်ဒရစ်ထက် ယူရိုသန်း ၂၀ ပိုရကာ ဝင်ငွေအကောင်းဆုံး ဖြစ်လာနိုင်သည် ဟုဆိုသည်။ **(အင်တာနက်)**

ကမ္ဘာကျော်ဘောလုံးသမား ရိုနယ်ဒို ဘောလုံးကစားခြင်းမှ အနားယူတော့မည်

ရီယိုဒီဂျနေးရိုး ဖေဖော်ဝါရီ ၁၉



ဘရာဇီးတိုက်စစ်မှူး ရိုနယ်ဒို (ယာပုံ)က မိမိသည် ဘောလုံးကစားခြင်းမှ အနားယူတော့မည်ဖြစ်ကြောင်း၊ အနားယူဖို့အတွက်လည်း ပြင်ဆင်နေပြီဖြစ်ကြောင်း မကြာမီက ပြောကြားခဲ့သည်။

ရရှိခဲ့

အသက် ၃၄ နှစ် အရွယ်ရှိ ရိုနယ်ဒိုသည် လက်ရှိ၌ ဘရာဇီး ကလပ်ကိုရင်သီယန် အသင်း၌ ကစားနေသူဖြစ်သည်။ အသက် ၂၁ နှစ်အရွယ်၌ ဥရောပအကောင်းဆုံး ဘောလုံးသမားဆုကို ရရှိခဲ့ပြီး ၂၀၀၂ ခုနှစ် အသက် ၂၆ နှစ်အရွယ်၌လည်း ဖီဖာ၏ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို ရရှိခဲ့ပြီး ၄င်းဆုကို သုံးကြိမ်ရရှိခဲ့သူဖြစ်သည်။

ဘရာဇီးအသင်းအတွက် ၉၇ ပွဲ ကစားပေးခဲ့ပြီး ၆၂ ဂိုးသွင်းယူခဲ့သူဖြစ်သည်။ ၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပွဲ၌ စုစုပေါင်း ၁၅ ဂိုးသွင်းပြီး ယခင်က ကမ္ဘာ့ဖလားပွဲများ၌ ဂိုးသွင်းစံချိန်တင်ထားသည့် ဂရိတ်မူလာ၏ ၁၄ ဂိုးကိုလည်း စံချိန်ချိုးနိုင်ခဲ့သူဖြစ်သည်။

ကလပ်အသင်းများ၌ ဂိုးအများဆုံး သွင်းယူခဲ့သည့်အသင်းမှာ ရီးရဲမက်ဒရစ်ဖြစ်ပြီး ၂၀၀၂-၂၀၀၇ ခုနှစ်အတွင်း ၈၃ ဂိုး သွင်းယူပေးခဲ့သည်။ (အင်တာနက်)

ချယ်လ်ဆီးက အီဗန်နိုဗစ်အား ငါးနှစ်စာချုပ် ချုပ်ဆို

လန်ဒန် ဖေဖော်ဝါရီ ၁၉

ချယ်လ်ဆီးအသင်း နောက်ခံလူ အီဗန်နိုဗစ်အား ၂၀၁၆ ခုနှစ်အထိ ဆက်လက်ကစားရန် စာချုပ်သစ်တစ်ရပ် ထပ်မံချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း ချယ်လ်ဆီးကလပ်က သတင်းထုတ်ပြန်သည်။

ချုပ်ဆို

အသက် ၂၆ နှစ်အရွယ်ရှိ ဆားဘီးယားနောက်တန်းကစားသမား အီဗန်နိုဗစ်သည် ချယ်လ်ဆီးသို့ ၂၀၀၈ ခုနှစ်က ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ယခုအခါ ချယ်လ်ဆီးနှင့် ငါးနှစ်သက်တမ်းကို စာချုပ် ချုပ်ဆိုလိုက်ခြင်းဖြစ်သည်။

စွမ်းဆောင်

အီဗန်နိုဗစ်သည် ချယ်လ်ဆီးအသင်းကို ပရီမီယာလိဂ်ဖလား တစ်ကြိမ်၊ အက်ဖ်အေဖလား နှစ်ကြိမ် ဆွတ်ခူးပေးရာတွင် ပါဝင်စွမ်းဆောင်ထားသူ နောက်ခံလူတစ်ဦးဖြစ်သည်။

(အင်တာနက်)

တောင်ပံကစားသမား ရိုင်ယန်ဂစ် မန်ယူနှင့် တစ်နှစ်ထပ်မံစာချုပ်

လန်ဒန် ဖေဖော်ဝါရီ ၁၉

မန်ယူအသင်း၏ဝါရင့်ကစားသမားကြီး ရိုင်ယန်ဂစ်အား မန်ယူက နောက်ထပ် တစ်နှစ် စာချုပ်တိုး ချုပ်ဆိုလိုက်သည်။ **(ဝဲပုံ)**

ပထမဆုံး

အသက် ၃၇ နှစ်ရှိ ရိုင်ယန်ဂစ်သည် ယင်းစာချုပ်ကြောင့် မန်ယူ၌ ၂၁ နှစ်ကြာ ကစားသူဖြစ်လာမည်ဖြစ်သည်။ သူသည် ၁၉၉၁ ခုနှစ် မတ် ၂ ရက်က လူစားအဖြစ် ပထမဆုံး မန်ယူနှင့်အတူ ကစားပေးခဲ့သူဖြစ်သည်။

ဆွတ်ခူး

ဂစ်သည် မန်ယူနှင့်အတူ ပရီမီယာလိဂ်ဖလား ၁၁ လုံးနှင့် ချန်ပီယံလိဂ်ဖလား နှစ်လုံးအပါအဝင် ဆုဖလားပေါင်း ၃၂ လုံး ဆွတ်ခူးပေးနိုင်ခဲ့သည်။ **(အင်တာနက်)**

ချန်ပီယံလိဂ်ဝင်ခွင့် ရရှိရေး ချယ်လ်ဆီး ကြိုးစားနေရပြီ

လန်ဒန် ဖေဖော်ဝါရီ ၁၉

ချယ်လ်ဆီးအသင်းသည် လာမည့်ရာသီ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေး ရုန်းကန်ကြိုးစားနေရပြီဖြစ်ကြောင်း ကွင်းလယ်ကစားသမား လမ်းပတ်က ဝန်ခံပြောကြားလိုက်သည်။ **(ယာပုံ)**

ချယ်လ်ဆီးနှင့် ဖူလ်ဟမ်တို့ ကစားခဲ့သည့်ပွဲ သရေပွဲဖြစ်ခဲ့ပြီးနောက် လမ်းပတ်က အထက်ပါအတိုင်း ဝန်ခံပြောဆိုခဲ့ခြင်းဖြစ်သည်။ ချယ်လ်ဆီးနှင့် ဖူလ်ဟမ်တို့သည် ဖေဖော်ဝါရီ ၁၄ ရက်က ပွဲစဉ် (၂၇) အဖြစ် ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိသရေပွဲဖြစ်ခဲ့သည်။

ချယ်လ်ဆီးတို့ ယင်းပြိုင်ပွဲအပြီး အမှတ်ပေးဇယားထိပ်ရောက်နေသော မန်ယူနောက်မှ ၁၂ မှတ်ခွာ၍ လိုက်နေသည်။ ချယ်လ်ဆီးအသင်းအထက်တွင် အာဆင်နယ်၊ မန်စီးတီးနှင့် စပါးတို့က အသီးသီးနေရာယူထားကြသည်။ **(အင်တာနက်)**

အက်ဖ်အေဖလားပြိုင်ပွဲ အဲဗာတန်က ချယ်လ်ဆီးကို ပယ်နယ်တီဖြင့်နိုင်

လန်ဒန် ဖေဖော်ဝါရီ ၁၉

အက်ဖ်အေဖလား ပဉ္စမအကျော့ ရှုံးထွက်ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၉ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ချယ်လ်ဆီးတို့အိမ်ကွင်း၌ အဲဗာတန်ကို ပယ်နယ်တီဖြင့် ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

ချယ်လ်ဆီးနှင့် အဲဗာတန်တို့သည် ပုံမှန်ကစားချိန်တွင် တစ်ဖက်နှင့် တစ်ဖက် ဂိုးမသွင်းနိုင်ကြ၍ အချိန်ပိုကစားခဲ့ကြရသည်။ ပထမပိုင်းအချိန်ပိုတွင် လမ်းပတ်က ချယ်လ်ဆီးအတွက် ဦးဆောင်ဂိုးသွင်းနိုင်ခဲ့သည်။

တက်ရောက်နိုင်

သို့သော် ယင်းအနိုင်ဂိုးကို ချယ်လ်ဆီးတို့ ဆက်လက်ထိန်းသိမ်းထားနိုင်ခြင်းမရှိ၍ ဒုတိယပိုင်းအချိန်ပိုတွင် ဘိုင်းနက်စ်က အဲဗာတန်အတွက် ချေပဂိုး သွင်းယူပေးခဲ့သဖြင့် တစ်ဖက်တစ်ဂိုးစီသရေကျခဲ့ပြန်သည်။ ထိုသို့ သရေကျခဲ့သဖြင့် ပယ်နယ်တီကန်သွင်းရာ အဲဗာတန်က ပယ်နယ်တီ လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိကာ ၁၆ သင်း ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီ ဖြစ်သည်။

အဲဗာတန်

အက်ဖ်အေဖလားပြိုင်ပွဲတွင် အဲဗာတန်အသင်းသည် ၁၉၉၄ ခုနှစ် နောက်ပိုင်း ယင်းအနိုင်ပွဲမှာ ပထမဆုံးသော နိုင်ပွဲဖြစ်သည်။ လက်ရှိချန်ပီယံ ချယ်လ်ဆီးအသင်းသည် အက်ဖ်အေဖလား ဆွတ်ခူးရန်ကြိုးစားခဲ့မှုမှာ နိဂုံးချုပ်ခဲ့ရသည်။

သွားရောက်ကစားမည်

သို့သော် ချယ်လ်ဆီးအသင်းသည် ချန်ပီယံလိဂ် ၁၆ သင်း ပြိုင်ပွဲအတွက် ကစားသမားများ အနားမခံဘဲ ထိန်းထိန်းသိမ်းသိမ်း ကစားသွားခဲ့သည်ကို တွေ့ရသည်။ ဖေဖော်ဝါရီ ၂၂ ရက်တွင် ချယ်လ်ဆီးက ကိုပင်ဟေဂင်အသင်း အိမ်ကွင်းသို့ ချန်ပီယံလိဂ် ၁၆ သင်း ရှုံးထွက်ပြိုင်ပွဲအဖြစ် သွားရောက်ကစားရမည်ဖြစ်သည်။

(အင်တာနက်)

အက်ဖ်အေဖလားအခြားပွဲ

ဘာမင်ဂမ်	၃ - ၀	ရှက်ဖီး
စတုတ်	၃ - ၀	ဘရိုက်တန်
မန်ယူ	၁ - ၀	ခရော်လေ

မြန်မာ့အလင်း အားကစားဖောင်ပိတ်သတင်း

➤ မြင့်မောင်စိုး - စုစည်းသည် ➤

အက်ဖ်အေဖလား ပဉ္စမအကျော့ပြိုင်ပွဲတွင် ချယ်လ်ဆီးမှ ယာမီလက်(ဝဲ)နှင့် အဲဗာတန်ကစားသမား ဖယ်လိုင်နီတို့ ဤသို့ အကြိတ်အနယ်....။ (အင်တာနက်ဓာတ်ပုံ)

ဒီလက်ထရွန်နစ်နှင့် လူသုံးကုန်ပစ္စည်းများပြပွဲကြီး (မုံရွာမြို့)

၂၈-၂-၁၁မှ ၂-၃-၁၁

Smart Group- (Ph) 01-527583 , 73014777

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်နေ
ဦးမိုးမြင့်-ဒေါ်ဝင်းဝင်းမော်တို့၏သားကြီး

မောင်ကျော်သူမိုးမြင့်
A.G.T.I(Electronics),B.Sc(Physics)
Marine Electrical Officer
Maritime Support Service Pte.,Ltd.

နှင့်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်နေ
ဦးသန်းအောင်-ဒေါ်သန်းသန်းဌေးတို့၏ တစ်ဦးတည်းသောသမီး

မတင်ဇာလွင်(ခ) ဒူဒူး
B.A(Economics)

တို့၏ ၁၉-၂-၂၀၁၁ ရက်တွင် Western Park Royal ၌ ကျင်းပခဲ့သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြွရောက်၍ မင်္ဂလာအောင်စံပယ် ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်မှူးကြီး ဝင်းသော်(ငြိမ်း)၊ ဒုတိယညွှန်ကြားရေးမှူး(မြန်မာနိုင်ငံတော်ဗဟိုဘဏ်)နှင့် ဇနီးဒေါ်သီတာဦး၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးဝင်းတင်၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးပါသော တေးသံရှင် စိုးစန္ဒာထွန်းနှင့် မင်္ဂလာတေးသံသာများဖြင့်ဖျော်ဖြေပေးပါသော ဝတ်မှုန်တီးဝိုင်းအဖွဲ့အားလည်းကောင်း၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးပါသော မခင်ငြိမ်းချမ်း၊ မင်္ဂလာပန်းကြဲပေးပါသော မစိုးမိုးအောင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးပါသော မဟေမန်ဦး၊ မင်္ဂလာသတို့သားအရံ မောင်ထွန်းတင့်အေးနှင့် သတို့သမီးအရံ မဟေမာဦး၊ မင်္ဂလာဝတ်စုံနှင့် လက်ဝတ်ရတနာစီစဉ်ပေးပါသော မေဦးမောင်(တော်ဝင်သူ)၊ မိတ်ကပ်ဆံပင်အလှပြင်ဆင်ပေးပါသော လင်းလင်း(တော်ဝင်သူ)၊ မေတ္တာဖြင့် ပန်းအလှပြင်ဆင်ပေးပါသော မစိုးစိုးရီ၊ မအေးအေးသန်း(နီလာ Beautysaloon)အားလည်းကောင်း၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးသော Emperor အဖွဲ့သားများ၊ မင်္ဂလာပွဲအစမှအဆုံးအထိ အဆင်ပြေအောင် အစစအရာရာကူညီပေးပါသော အန်တီသီသီ၊ ဆရာမ ဒေါ်နီနီမြင့်နှင့် အန်တီထားထားဝင်းအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးညီအစ်ကိုမောင်နှမများနှင့် သူငယ်ချင်း၊ မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဆောင်မွန်များပေးပို့ချီးမြှင့်ပါသော လူကြီးမင်းများအားလုံးနှင့် အဘက်ဘက်မှမေတ္တာဖြင့်ဝိုင်းဝန်းကူညီပေးကြပါသော ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်သူမိုးမြင့်-မတင်ဇာလွင်(ခ)ဒူဒူး။

ဝမ်းမြောက်ဂုဏ်ပြုလွှာ

မန္တလေးမြို့နေ ဒေါက်တာထွန်းလင်း (ဘုတလင်) LL.B, Dip in Business Law, Ph.D (Astrology) အား အိန္ဒိယနိုင်ငံ ကိုးလ်ကတ္တား တက္ကသိုလ်မှ Ph.D ဘွဲ့အပြင် ရွှေတံဆိပ်ဆု၊ လက္ခဏာလမ်းကြောင်းများ ခွဲခြမ်းစိတ်ဖြာ ဟောပြောထူးချွန်ဆု၊ ဗေဒင်လက္ခဏာတွက်ချက်မှု ထူးချွန်ဆု၊ နက္ခတ်ဗေဒင်အဟော ထူးချွန်ဆု၊ ဓာတ်ရိုက်ဓာတ်ဆင်ယတြာအကောင်းဆုံး ထူးချွန်ဆုများကို ၁၅-၂-၂၀၁၁ရက်တွင် နိုင်ငံတကာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ထိုက်တန်စွာ ချီးမြှင့်ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဒေါက်တာ ဦးဉာဏ်ဝင်းကျော်(စိတ်ကျန်းမာရေးအထူးကုဆရာဝန်ကြီး)
ဒေါက်တာ ဒေါ်ဌေးဌေးမြိုင် (မေ့ဆေးနှင့်အပ်စိုက်အထူးကုဆရာဝန်ကြီး)
မိသားစု။

ဝါးခယ်မဆိပ်ကမ်း၌ ခရီးသည်တင် ရေယာဉ်တစ်စင်းနစ်မြုပ် လူသေဆုံးမှုမရှိ၊ စားသုံးကုန်ပစ္စည်းအချို့နစ်မြုပ်ဆုံးရှုံးခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ဗန္ဓုလကျေးရွာ ဝါးခယ်မဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော ပြည်တွင်းရေကြောင်းဦးစီးဌာနပိုင် ရန်ကုန်-လပွတ္တာ ခရီးသည်တင် နှစ်ထပ် ရေယာဉ်တစ်စင်းသည် ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၃ နာရီကျော်ခန့်တွင် မြစ်ရေကျပြီး သဘော်ာ တဖြည်းဖြည်း တိမ်းစောင်းလာသဖြင့် ရေယာဉ်ပေါ်ပါခရီးသည် ၁၃၀နှင့် ရေယာဉ်လုံခြုံရေးအဖွဲ့များအား ကမ်းပေါ်သို့ ရွှေ့ပြောင်း ပေးခဲ့ကြောင်း၊ ရေယာဉ်သည် နံနက် ၆ နာရီ မိနစ် ၄၀ခန့်တွင် နစ်မြုပ်သွားခဲ့သော်လည်း ခရီးသည်နှင့် ရေယာဉ်ပေါ်ပါရှိသူများ သေဆုံးမှုမရှိခဲ့ကြောင်း၊ ရေယာဉ်မှာ ကမ်းဘက်မှ ရေလယ်ဘက်သို့ တိမ်းစောင်းနစ်မြုပ်ပြီး ရေပေါ်၌ သုံးပေခန့်သာပေါ်နေကြောင်းနှင့် ရေယာဉ် နစ်မြုပ်မှုကြောင့် စားအုန်းဆီပီပါအချို့၊ ဓာတ်မြေဩဇာအိတ်အချို့နှင့် ကြက်သွန်၊ အာလူးအိတ်အချို့ စသည်ဖြင့် နစ်မြုပ်ဆုံးရှုံးခဲ့ကြောင်း၊ ခရီးသည်များအား ဗလကျော်သူ ရေယာဉ်ဖြင့် လပွတ္တာမြို့သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်ပအလုပ်အကိုင်ကြော်ငြာ

"သုခစုစံကုမ္ပဏီ" ၏ဆောင်ရွက်မှုဖြင့် စင်္ကာပူနိုင်ငံ တွင် တာဝန် ထမ်းဆောင်ရန် လုပ်သားများ လာရောက်စွေးနွေး ခေါ်ယူမည်။

- Electrical - (၅)ဦး လစာ - S$ 450
- Welder - (၅)ဦး လစာ - S$ 450
- Pipe Fitter - (၁၀)ဦး လစာ - S$ 450
- Mechanical - (၁၀)ဦး လစာ - S$ 450
- အသက် ၂၀ မှ ၃၅ / ...

သုခစုစံ ပြည်ပအလုပ်အကိုင်ရှာဖွေရေး ကုမ္ပဏီ

အမှတ်(77) ...

Tel:392233/385758/386877, Website:www.tksstkss.com

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

၁။ ပစ္စည်းထိန်း(တာဝန်ခံ) - ကျား (၂) ဦး (နယ်တွင်တာဝန်ထမ်းဆောင်ရန်)
(က) ဘွဲ့ရဖြစ်ပြီး အနည်းဆုံး လုပ်သက် (၆)နှစ်ဖြစ်ရမည်။
(ခ) အသက်(၃၀)မှ (၄၅)နှစ်အတွင်း ဖြစ်ရမည်။
(နေ/စား စီစဉ်ပေးမည်။)

၂။ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ကိုယ်ရေးမှတ်တမ်း(CV Form)နှင့်အတူ လိုအပ်သော စာရွက်စာတမ်းများအား ၂၈-၂-၂၀၁၁ရက်နောက်ဆုံးထား၍ **တော်ဝင်မင်းသားများ သယ်ယူပို့ဆောင်ရေးအုပ်စုကုမ္ပဏီလီမိတက်၊ အခန်းအမှတ်(၂၀၁-၂၀၂)၊ တိုက်အမှတ်(ဘီ)၊ ပထမထပ်၊ (Delta Plaza)၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့** ရုံးချိန်အတွင်း လာရောက်ပေးပို့ကြပါရန်။

(ဆက်သွယ်ရန် ဖုန်း- ၀၁-၅၅၂၉၁၉၊ ၇၀၇၅၄၁)

မြောက်ပိုင်းစွန်းဒေသများ၌ ကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ မန္တလေးတိုင်းဒေသကြီးတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၆ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ချင်းပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၆ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ၊ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဖေဖော်ဝါရီ ၂၀ ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းစွန်း ဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် မြို့ပြလမ်း တံတားလုပ်ငန်းဖြစ်သော မင်းမွေးတောင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၁ ရက်က မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုးတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးသိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းထွေးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စာအုပ် စာပေ လူ့မိတ်ဆွေ

မြတ်နိုးမောင်

ရောက်ရာအရပ်မှ
အမြန်ပြန်လာပါ။
မိဘများ စိတ်ပူနေသည်။
ဦးတင်လှ-ဒေါ်သိန်းသိန်းစိုး။

မြဝတီရုပ်မြင်သံကြား

၂၀-၂-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၂	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄	၃။	နိုင်ငံတော်သီချင်း
၇:၀၅	၄။	တရားတော်
၇:၁၅	၅။	ဓမ္မပူဇာတေး
၇:၂၀	၆။	မျိုးချစ်တပ်မတော်
၇:၂၅	၇။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၈။	မြန်မာသံစဉ် ချိုနှားဝင်
၇:၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၁၀။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၁၁။	မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀	၁၂။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀	၁။	မြဝတီအဖွင့်
၁၁:၀၂	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၁၁:၀၄	၃။	နိုင်ငံတော်သီချင်း
၁၁:၀၅	၄။	အဖွင့်သီချင်း
၁၁:၁၀	၅။	မျိုးချစ်တပ်မတော်
၁၁:၂၀	၆။	ကာတွန်းအစီအစဉ် **ချစ်မိတ်ဆွေဗလကြီး** (အပိုင်း-၃၂)
၁၁:၄၀	၇။	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **နလုံးသားရဲ့ ကျောင်းတော်ရာ**
၁၂:၃၀	၈။	ကျန်းမာသုတ
၁၄:၀၀	၉။	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေး ပြယ်ပါစေ** (အပိုင်း-၄၃)

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၂	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၄	၃။	နိုင်ငံတော်သီချင်း
၄:၀၅	၄။	အဖွင့်သီချင်း
၄:၁၀	၅။	မျိုးချစ်တပ်မတော်
၄:၁၅	၆။	မြန်မာသံစဉ်ချိုနှားဝင်
၄:၂၅	၇။	မြန်မာ့ရှုခင်း
၄:၄၀	၈။	သီဆိုဖြေဖျော် တစ်ကိုယ်တော်
၄:၅၀	၉။	ကြိုတင်တားဆီးရန်သူမီး
၅:၁၀	၁၀။	၂၀၁၁ ခုနှစ်၊တက္ကသိုလ်ဝင် စာမေးပွဲအထောက်အကူပြု သင်ခန်းစာ (ဘောဂဗေဒ)
၅:၁၅	၁၁။	သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀	၁၂။	ဒီဇိုင်နာတို့ရဲ့ ဒီဇိုင်း
၆:၀၀	၁၃။	မြဝတီရုပ်မြင်သံကြား သတင်း
၆:၂၀	၁၄။	အမျိုးသားရေးတေးကဗျာ
၆:၃၀	၁၅။	ဘဝကြေးမုံ **အချိန်သည်သာလျှင် တိုင်ပင်ရာ** မိုးအောင်ရင်၊ ချစ်စု **(ဒါရိုက်တာ-ဘုန်းမျိုးကျော်)**
၆:၅၀	၁၆။	ဂင်းနက်စ် ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇:၀၀	၁၇။	ရသစုံလင်ရုပ်မြင် ဇာတ်လမ်း **ဖြူစင်သောအားမာန်** (အပိုင်း-၄၀)
၈:၀၀	၁၈။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	နိုင်ငံတကာသတင်း
	၂၁။	မိုးလေဝသသတင်း
	၂၂။	ပဟေဠိနန်းတော်
	၂၃။	ကျန်းမာသုတ
	၂၄။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၅။	ရသစုံလင်ရုပ်မြင် ဇာတ်လမ်း **ရင်၌တည်သောသစ္စာ** (အပိုင်း-၆)
	၂၆။	ရသစုံလင်ရုပ်မြင် ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၃၀)

ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပိုင် ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆန်စက်အမှတ် (၀၄) (၇၅) တန်ကျအတွင်းရှိ ဝန်ထမ်းအိမ်ရာ အဆောက်အအုံငါးလုံး(မြေမပါ)နှင့် သံရေစင်တစ်စင်တို့အား ဈေးပြိုင်တင်ဒါစနစ်ဖြင့် လေလံတင်ထုခွဲရောင်းချမည်ဖြစ်ပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီး၊ ဝန်ထမ်းအိမ်ရာအဆောက်အအုံငါးလုံး (မြေမပါ)၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆန်စက်အမှတ်(၀၄) (၇၅)တန်ကျ အတွင်း

(ခ) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၁-၂-၂၀၁၁ ရက်မှ ၂၄-၂-၂၀၁၁ ရက်အထိ

အချိန် - နံနက် ၉:၃၀နာရီမှ ညနေ ၃:၀၀ နာရီအထိ

(ဂ) **တင်ဒါပိတ်မည့်ရက်၊အချိန်** - ၂၅-၂-၂၀၁၁ရက် မွန်းလွဲ ၁:၀၀နာရီ

(ဃ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - မြန်မာ့လယ်ယာထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး ရန်ကုန်တိုင်းဒေသကြီး မန်နေဂျာရုံး၊ဖုန်း-၀၁-၂၅၀၄၃၂၊ ၂၅၄၀၂၄၊ ၂၅၁၈၂၄။

(င) **တင်ဒါတင်သွင်းရမည့်နေရာ** - မြန်မာ့လယ်ယာထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး ရုံးအမှတ်(၅၂)၊ နေပြည်တော် ဖုန်း-၀၆၇-၄၃၀၁၂၅၊ ၄၃၀၁၃၇၊ ၄၃၀၁၃၆၊

၂။ အဆိုပါ ဝန်ထမ်းအိမ်ရာအဆောက်အအုံငါးလုံး (မြေမပါ)နှင့် သံရေစင်တစ်စင်တို့၏ မျက်မြင်အခြေအနေအား အပိုဒ်(၁)ပါအတိုင်း ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆန်စက်အမှတ် (၀၄) (၇၅)တန်ကျသို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၁-၂၅၀၄၃၂၊ ၂၅၄၀၂၄၊ ၂၅၁၈၂၄ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး။

၂၀၁၁ Sunflower Art Gallery မှစီစဉ်သော ဦးမောင်မောင်သိမ်း(ပုသိမ်) နွေရာသီ (မတ်၊ဧပြီ၊မေ) ပန်းချီသင်တန်းများ သင်တန်းတည်ရာ (၁) အမှတ် ၅၄၊ ရှမ်းကုန်းလမ်း၊ စမ်းချောင်း၊ (၂)အမှတ် ၁၂၉(E)၊ မြကန်သာ ၂ လမ်း၊ လှိုင်မြို့နယ်။

စုံစမ်းအပ်နှံရန်-အမှတ် ၅၄၊ ရှမ်းကုန်းလမ်း၊ စမ်းချောင်း၊ (နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအတွင်း)။ ဖုန်း-၀၉-၅၁၃၄၁၁၂၊ ၀၉-၈၅၁၅၁၃၂၊ သင်တန်းများ မတ်လ ၁၄ ရက်အတွင်းစတင်မည်။ ကြိုတင်အပ်နှံနိုင်ပါပြီ။

စက္ကူများရောင်းချရန် တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ စက္ကူနှင့်ပျော့ဖတ်စက်ရုံ(သာပေါင်း)မှ ထုတ်လုပ်သော အောက်ဖော်ပြပါစက္ကူများကို တင်ဒါဖြင့်ရောင်းချမည်ဖြစ်ပါသည်-

(က) အဆင့်မြင့်စက္ကူ (၅၅) ဂရမ် - တန် ၁၀၀
၂၇ လက်မ× ၃၄ လက်မ/ Paper width 34.05"/ 69.29"

(ခ) အဆင့်မြင့်စက္ကူ (၆၀)ဂရမ် - တန် ၁၀၀
၂၇ လက်မ× ၃၄ လက်မ/ Paper width 34.05"/ 69.29"

၂။ တင်ဒါပုံစံကို ရုံးအမှတ် ၄၁၊ နေပြည်တော်တွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၂၉၅ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါပိတ်ရက်၊ အချိန် - ၂၄-၂-၂၀၁၁ ရက် မွန်းတည့် ၁၂:၀၀ နာရီ။

အမည်မှန်

ဦးဇာကွန်းရင်ထန်၏ သမီး မြစ်ကြီးနားမြို့၊ လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ အဋ္ဌမတန်း(B)မှ မမေဇီလတ်၏အမည်မှန်မှာ မဇာကွန်းမေဇီလတ်ဖြစ်ပါသည်။

မဇာကွန်းမေဇီလတ်။

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ အဋ္ဌမတန်း (B)မှ မဇာကွန်းမေဇီလတ်၏ ဖခင်အမည်မှန်မှာ ဦးဇာကွန်းရင်ထန် ၁/မခဘ(နိုင်)၀၀၆၄၀၄ဖြစ်ပါသည်။

အမည်ပြောင်း

ဦးရှောက်ဆန်း(ခ)ဦးမောင်ချင်း၏ သားများဖြစ်ကြသော အလက(၃) သတ္တမတန်း(A)မှ မောင်တင်ဦးဆန်းအား မောင်စိုင်းတင်ဦးဆန်းဟုလည်းကောင်း၊ ပဉ္စမတန်း(A)မှ မောင်တင်အောင်ဆန်းအား မောင်စိုင်းတင်အောင်ဆန်းဟု လည်းကောင်း ပြောင်းလဲခေါ်ပါရန်။

မောင်စိုင်းတင်ဦးဆန်း၊
မောင်စိုင်းတင်အောင်ဆန်း။

အမည်ပြောင်း

ဦးရှောက်ဆန်း(ခ)ဦးမောင်ချင်း၏ သား မြစ်ကြီးနားမြို့ ILBC , Pre IA (A)မှ မောင်စည်သူဆန်းအား မောင်စိုင်းစည်သူဆန်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်စိုင်းစည်သူဆန်း။**

အမည်မှန်

ဦးထင်ဖေး၏သား မြစ်ကြီးနားမြို့၊ လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ အဋ္ဌမတန်း(B)မှ မောင်ဒါနီအဲလ်ထင်ဆိုင်း၏ အမည်မှန်မှာ မောင်ဒါနီအယ်လ်ထင်ဆိုင်းဖြစ်ပါသည်။

မောင်ဒါနီအယ်လ်ထင်ဆိုင်း။

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀၊ မြေကွက်အမှတ် ၁၅၅၇(က)၊ မြေကွက်တည်နေရာ အမှတ် ၁၅၅၇/က၊ ရတနာလမ်း၊ (၂၀) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးဝင်းငွေအမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်ဦးဝင်းငွေကွယ်လွန်သဖြင့် ဒေါ်ခင်ချိုသက် ၁၂/ဒဂတ(နိုင်) ၀၃၄၆၂၂က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် အပိုင်ပေးစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ။

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄/မြို့သစ်၊ မြေကွက်အမှတ် ၄၀၃၊ မြေကွက်တည်နေရာအမှတ် ၁၅၂၊ မင်္ဂလာသီရိလမ်း၊ ဒေါပုံမြို့နယ် ဦးစိုးဝင်း အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးစိုးဝင်း ကွယ်လွန်သဖြင့် ဒေါ်သန်းရီ ၁၂/ဒပန(နိုင်)၀၀၂၄၄၄က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန်မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ။

အမည်ပြောင်း

ဦးရှောက်ဆန်း(ခ)ဦးမောင်ချင်း၏ သား အလက(၃) ပထမတန်း(A)မှ မောင်သီဟဆန်းအား မောင်စိုင်းသီဟဆန်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်စိုင်းသီဟဆန်း။

အမည်ပြောင်း

ဦးအောင်စိုး၏သားနှင့်သမီးများဖြစ်ကြသော မြစ်ကြီးနားမြို့ အထက(၁) ဆဋ္ဌမတန်း(A)မှ မောင်ပြည့်ဖြိုးအောင်အား မောင်အောင်ပြည့်ဖြိုးဟု လည်းကောင်း၊ စတုတ္ထတန်း(A)မှ မသင်းပပစိုးအား မရွှေအိမ်စည်ဟု လည်းကောင်း ပြောင်းလဲခေါ်ပါရန်။

မောင်အောင်ပြည့်ဖြိုး၊
မရွှေအိမ်စည်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မက/၅၆၂၈၈ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုမင်း ၈/ရနခ (နိုင်) ၀၈၉၄၆၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန (တိုင်းရုံး)၊ မကွေး။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မတလ/၅၃၆၂၃ Jialing 90 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်း ၉/မသန(နိုင်)၀၉၃၈၃၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန (ခရိုင်ရုံး)၊ ကျောက်ဆည်။

မိုး အစဉ်သတိပြု

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး ပင်းတယ၌သင်တန်းဖွင့်

ပင်းတယ ဖေဖော်ဝါရီ ၁၈

၂၀၁၀ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းသင်တန်းဖွင့်ပွဲနှင့် တာဝန်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက်က ပင်းတယမြို့ မြေစာရင်းဦးစီးဌာနရုံး၌ကျင်းပရာ အခမ်းအနား၌ လယ်ယာသန်းခေါင်စာရင်းစီမံကိန်းရုံးဦးစီးအရာရှိ ဦးတင့်လွင်နှင့် မြေစာရင်းဦးစီးဌာနမှူး ဦးစိုးသန်းတို့က လယ်ယာသန်းခေါင်စာရင်းကောက်ယူသည့် ရည်ရွယ်ချက်အစီအစဉ်နှင့်ကောက်ယူမည့်နည်းစနစ်များကို ရှင်းလင်းဆွေးနွေးသည်။

တက်ရောက်

အဆိုပါသင်တန်းသို့ ပင်းတယမြို့နယ်ရှိ လက်ထောက်ဦးစီးမှူးများနှင့်မြေတိုင်းစာရေးများ စုစုပေါင်း ၁၇ ဦး တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဝန်ထမ်းများအားတွေ့ဆုံ

ထားဝယ် ဖေဖော်ဝါရီ ၁၈

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်စွမ်းအားဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်နှင့်အဖွဲ့သည် ဒီဇင်ဘာ ၃၁ ရက်မှ ဇန်နဝါရီ ၂ရက်အထိ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်လျှပ်စစ်အင်ဂျင်နီယာရုံးအပါအဝင် ထားဝယ်၊ မောင်းမကန်၊ ရေဖြူ၊ ကလိန်အောင်၊ လောင်းလုံး၊ သရက်ချောင်းမြို့များသို့ လှည့်လည် စစ်ဆေးခဲ့ပြီး ဝန်ထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး ဝန်ထမ်းနေအိမ်များအား စစ်ဆေးကာလိုအပ်သည်များ မှာကြားခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

ကဝမြို့နယ်၌ စာပေဟောပြော

ကဝ ဖေဖော်ဝါရီ ၁၈

ပဲခူးခရိုင် ကဝမြို့နယ် သက္ကလစံပြကျေးရွာ အထက်တန်းကျောင်း၏ အာစရိယပူဇော်ပွဲနှင့် ပထမအကြိမ် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၅ ရက် ည ၇ နာရီက အထကခန်းမဆောင်၌ ကျင်းပရာ စာပေဟောပြောပွဲတွင် စာရေးဆရာ ညွန့်ဟံ(ကြူတော)၊ စာရေးဆရာ (လယ်တွင်းသား)စောချစ်နှင့် စာရေးဆရာနွမ်ဂျာသိုင်းတို့က စာပေရေးရာများ ဟောပြောခဲ့ကြောင်း သိရှိရသည်။ **(၀၆၀)**

ချီးမြှင့်

ပုသိမ်မြို့ အမှတ် (၄) အထက၏ ပညာရည်ချွန် ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပရာ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံးတွင် ဒသမ၊ ဧရာဝတီတိုင်းဒေသကြီးတွင် ပထမ(သိပ္ပံ)ဖြင့်ထူးချွန်စွာ အောင်မြင်သူ အထက(၆)ပုသိမ်မှ မောင်ကျော်ဇင်ဝင်းအား တိုင်းဒေသကြီး ပညာရေးမှူး ဦးခွန်ကျော်မြင့်က ဆုငွေချီးမြှင့်စဉ်။ (၀၇၇)

စက်ရေတွင်းတူး

ဇလွန်မြို့နယ် မြို့မဈေးအတွင်း ဂါလန်၃၂၀၀ဆံ့ ကွန်ကရစ် ရေစင်တည်ဆောက်ခြင်းနှင့် လေးလက်မ စက်ရေတွင်းတူးခြင်း လုပ်ငန်းကို အငယ်တန်း အင်ဂျင်နီယာ(၂) ဦးကိုကိုအောင်နှင့်အဖွဲ့ ဆောင်ရွက်ရာ တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမင်း ကွင်းဆင်းကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)

အခမဲ့ ဆေးဝါးကုသ

ကြို့ပင်ကောက်မြို့နယ်မှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာတင်ဝင်းအောင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ အလင်းသစ္စာ သွေးလှူရှင် အဖွဲ့ဝင်များ ဖေဖော်ဝါရီ ၃ ရက်က အလယ်ကုန်းတိုက်နယ်ဆေးရုံ၌ ပြင်ပလူနာ ၁၈၉ဦး၊ ခွဲစိတ်လူနာ ရှစ်ဦးတို့အား အခမဲ့ ဆေးဝါးကုသပေးကြစဉ်။ (၁၈၁)

သရက်မြို့နယ်တွင် မြို့ရေပေးဝေရေး ဆောင်ရွက်ထားရှိမှုကို မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ဖေဖော်ဝါရီ ၅ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြလင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ဝင်းတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဇန်းမော်မြို့နယ်၌ ကျေးလက်စက်ရေတွင်းဖွင့်

ဇန်းမော် ဖေဖော်ဝါရီ ၁၈

ဇန်းမော်မြို့နယ် မအူပင်ကျေးရွာ နှစ်လက်မစက်ရေတွင်း ရေစက်ရုံနှင့် ရေဂါလန် ၁၈၀၀ ဆံ့ စက်ရေတွင်း ဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက်က ကျင်းပရာ ဇန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် မအူပင်ကျေးရွာဥက္ကဋ္ဌ ဦးထွန်းဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

အဆိုပါကျေးလက်စက်ရေတွင်းကို ဇန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၃၆ သိန်း အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ *(မြို့နယ်စည်ပင်)*

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ချောင်းသာကမ်းခြေ၏မြင်ကွင်းအလှကို ဤသို့ တွေ့မြင်ရသည်။

အပန်းလည်းပြေ၊ ဗဟုသုတလည်းရစေသည့် ချောင်းသာကမ်းခြေ

သတင်းနှင့်ဓာတ်ပုံ
တင်ဝင်းလေး
(ကြည့်မြင်တိုင်)

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ပုသိမ်သို့ သတင်းကိစ္စဖြင့် ရောက်နေခိုက် ချောင်းသာကမ်းခြေ ဟိုတယ်လုပ်ငန်းရှင်များအသင်းမှ မိတ်ဆွေများက ဝင်ခဲ့ပါဦးဟု ဖိတ်ခေါ်သည့်အတွက် စာရေးသူ ချောင်းသာကမ်းခြေသို့ တစ်ခေါက် ရောက်ခဲ့ရပြန်သည်။

သစ်လွင်တောက်ပ

ဟိုတယ်ဇုန်အဝင် **"ချောင်းသာကမ်းခြေမှ လှိုက်လှဲစွာ ကြိုဆိုပါ၏"** ဆိုသည့် ဆိုင်းဘုတ်ကို လာသမျှဧည့်သည်အပေါင်းအား ပျူငှာစွာ ခရီးဦးကြိုဆိုနေသည့်နှယ် စတင်တွေ့မြင်လိုက်ရသည်။ ဟိုတယ်များက ယခင်နှစ် ရောက်ခဲ့စဉ်ကထက် ပိုမိုသစ်လွင်တောက်ပနေသည်။

ဟိုတယ်ဇုန်(ချောင်းသာ) ဘဏ္ဍာရေးမှူး ဦးကျော်ဟိုးက "ကျွန်တော်တို့ချောင်းသာမှာ ပျော်ပွဲရွှင်ပွဲနဲ့ ဈေးရောင်းပွဲတော်လုပ်မယ့် အစီအစဉ်ရှိတာမို့ ဖိတ်လိုက်ရတာပါ"ဟု ခရီးရောက်မဆိုက်ပင်ဆိုလာသည်။

ကျင်းပရေးအစည်းအဝေးကို Lai Lai ဟိုတယ်၌ ကျင်းပသည်။ မြို့နယ်တာဝန်ခံများ၊ *စာမျက်နှာ ၁၀ ကော်လံ ၁* ■

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ထူးခြားသည့် ညအပူချိန်များ

၁၉-၂-၂၀၁၁

ဟားခါးမြို့	၀ ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့	၄ ဒီဂရီစင်တီဂရိတ်